ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (15-7-2003) (၃၉၃၂)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက နိုင်ငံတော် ဩဝါဒါစရိယ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိပါလထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မာလင်္ကာရကျောင်းတိုက်သို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ကျင်းပသည့် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်နှင့် ဓမ္မာလင်္ကာရကျောင်းတိုက်တို့သို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်ပြည်သူများက ဆက်ကပ်လှူဒါန်းသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ကျောင်းတိုက်ကြီးများမှ ပဓာန နာယကဆရာတော်ကြီးများ၊ စာချစာသင် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေဦးစွာ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်သို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါစာသင်တိုက်ရှိ ဝိနယသံဃာဝါသ ဒေသနာမဏ္ဍပ်... အဆိုပါစာသင်တိုက်ရှိ ဝိနယုသဃံဝရာပြည့် ဓမ္မာရုံတော်ကြီး၌ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော် ဩဝါဒါစရိယ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇောတိပါလက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။ ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိပါလထံ ဝါဆိုသင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီး များနှင့် အလှူရှင်များက ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ သာသနကိုရ ပရိယတ္တိစာမေးပွဲအောင် သံဃာတော် ၂၉၄ ပါးတို့အား ဆက်ကပ်ရန် အလှူရှင် အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁

ကမ္ဘောဇသာဒီ ရွှေနန်းတော်

ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကို တွေ့ရစဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၇-၂၀၀၃
(အင်္ဂါနေ့)

ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ထိန်းသိမ်း ပျူခေတ် သမိုင်းသုတေသနပြုဖော်ထုတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာနိုင်ငံအဖြစ် ကမ္ဘာတွင်ထင်ရှားသည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီကာ တည်တံ့လာခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည်နှင့်အညီ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့ဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ နေထိုင်ခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်လည်မွမ်းမံပြင်ဆင်ရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် သာသနိကအဆောက်အအုံများ ပြုပြင်တည်ဆောက်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့်မြို့ရိုးများတူးဖော်ခြင်း၊ ယဉ်ကျေးမှုပြတိုက်များ မွမ်းမံတည်ဆောက်ခြင်း၊ သမိုင်းဝင်ပစ္စည်းများ၊ ကျောက်စာများ၊ ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင်လ ၉ ရက်နေ့က ပထမမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ အဓိကပုဂံနန်းတော်ရာ တူးဖော်မှုလုပ်ငန်းခွင်သို့ သွားရောက်ပြီး မာရဘင်အုတ်ရိုးများ၊ အတွင်းတိုင်နှင့် အုတ်စီတိုင်ကျင်းရာများ၊ နန်းတော်ရာဟောင်း တူးဖော်ရာမှတွေ့ရှိရသော ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများ၊ ဗိဿနိုးမြို့ဟောင်း တူးဖော်ရာမှ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများကို ကြည့်ရှုလေ့လာပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က **ပုဂံရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ပျက်ယွင်းမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းရေး၊ ဗိဿနိုးမြို့ဟောင်း တူးဖော်ရာမှ တွေ့ရှိရသော သာသနာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာအထောက်အထားများအရ မြန်မာ့သမိုင်းပညာရှင်များနှင့်အတူ ပျူခေတ်သမိုင်းကို ဆက်လက်သုတေသနပြုဖော်ထုတ်ကြရေး** မှာကြားခဲ့သည်။

ပထမမြန်မာနိုင်ငံတော်ကြီး၏ နန်းတော်ရာကုန်း တူးဖော်သုတေသနပြုရာတွင် အုတ်ဖြင့်စနစ်တကျပြုလုပ်ထားသော မြေတိုက်ကြီးများ၊ မြေတိုက်ငယ်များ၊ အုတ်ရိုးတန်းများ၊ အုတ်ကြမ်းခင်းများ၊ တိုင်ကျင်းရာများ၊ ပုဂံခေတ်ရေနုတ်မြောင်း၊ ပုဂံခေတ် အနော်ရထာမင်း၏ နန်းတော်မှ အနောက်စမုတ်ဟုယူဆရသောနေရာ၊ အိုးနှင့်အိုးကွဲများ၊ မြေအိုး၊ မြေနားတောင်း၊ မြေရုပ်ဒိုး၊ မြေပုတီးစေ့အပါအဝင် လူ့အသုံးအဆောင်ပစ္စည်းများစွာကို တွေ့ရှိရသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို မပျက်စီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ခေတ်မီနည်းစနစ်များ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် စနစ်တကျထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ ရှေးဟောင်းမြို့တော်များကိုလည်း တူးဖော်ရှာဖွေကြိုးပမ်းလျက်ရှိရာ ပျူခေတ်ဟောင်း ဗိဿနိုးမြို့ဟောင်းမှ ရှေးဟောင်းကုန်းများကို တူးဖော်လျက်ရှိသည်။ ဗိဿနိုးနန်းတော်ရာအတွင်းရှိ ကုန်းများကို ဆက်လက်တူးဖော်သုတေသနပြုလျက်ရှိရာ မာရဘင်အုတ်ရိုးတန်းနှင့် အိုးခြမ်းကွဲများ၊ မြို့ရိုးအုတ်လှော၊ မြို့၏ကင်းမျှော်စင်ပန္နက်၊ ဘာသာရေးအဆောက်အအုံတစ်ခု၏ ပန္နက်ပုံတို့ကို တွေ့ရှိရသည်။

ထူးခြားသောတွေ့ရှိမှုအဖြစ် ယခုနှစ် ဇွန်လ ၁၁ ရက်နေ့က ဗိဿနိုးမြို့ဟောင်း တူးဖော်ကုန်း အမှတ်(၁၃)မှ ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူ၊ ကြေးခေါင်းလောင်းတစ်လုံးနှင့် ကြေးဆီမီးခွက်အရွယ်စုံလေးခုစသည့် သာသနိကပစ္စည်းများကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ယခုကဲ့သို့ ဗိဿနိုးမြို့ဟောင်းမှ ကြေးဗုဒ္ဓဆင်းတုတော်နှင့် ကြေးခေါင်းလောင်းတို့ကို တူးဖော်တွေ့ရှိရခြင်းသည် ဗိဿနိုးမြို့ရှိ ပျူလူမျိုးတို့၏ သာသနာရေးဆိုင်ရာ သာသနိကပစ္စည်းအဖြစ်သာမက အနုပညာလက်ရာပစ္စည်းအဖြစ်လည်း မှတ်တမ်းတင်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုလက်ရာပစ္စည်းများသည် မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြသည့် သမိုင်းတန်ဖိုးမဖြတ်နိုင်သော အထောက်အထားပစ္စည်းများဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ ပျက်ယွင်းမှုမရှိစေရန်၊ စနစ်တကျထိန်းသိမ်းကြရန်နှင့် ပျူခေတ်သမိုင်းဆိုင်ရာများကို ဆက်လက်သုတေသနပြု ဖော်ထုတ်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ဒမ်ဟူစိန်ရှာပုံတော်ဖွင့်ရာတွင် ပူးပေါင်းဆောင်ရွက်မှုမရှိဆိုမှု အမေရိကန်သံအမတ်ကြီး၏ ပြောဆိုမှု ရုရှားအစိုးရကန့်ကွက်ပြောကြား

မော်စကို ဇူလိုင် ၁၄

ရုရှားနိုင်ငံကဆက်ဒမ်ဟူစိန်အား ရှာပုံတော်ဖွင့်ရာတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ပြောကြားချက်ကို ရုရှားအစိုးရက တနင်္လာနေ့၌ ကန့်ကွက်လိုက်သည်။ စစ်အေးကာလ ပြိုင်ဘက်နှစ်ဦးဖြစ်ခဲ့သည့် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် အီရတ်ကိစ္စနှင့်ပတ်သက်၍ အေးတိအေးစက်နှင့် ရှေ့မတိုး နောက်မဆုတ်အခြေသို့ဆိုက်ရောက်နေသည်။

အမေရိကန်အစိုးရက ရုရှားသံရုံးအဖွဲ့သားများအား သံတမန်များဟုယူဆ သတ်မှတ်ခြင်း မရှိသေးကြောင်း၊ ဘဂ္ဂဒက်မြို့ရှိ ရုရှားသံရုံး၏လုံခြုံရေးကို အမေရိကန်အစိုးရက အာမခံချက်မပေးနိုင်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး အလက်ဇန်ဒါး ဗာရှ်ဗောင်းက စနေနေ့ကပြောကြားသည်။

ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏သားများနှင့် ၎င်းအားထောက်ခံသူများ ဘယ်ဝယ်ဘယ်ဆီရောက်နေသည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုသို့ပေးရန် လိုလားလျက်ရှိကြောင်း ဗာရှ်ဗောင်း၏ ပြောကြားချက်ကို ရုရှားအင်တာဖက်စ်သတင်းဌာနကဖော်ပြသည်။

ရုရှားအစိုးရတွင်မည်သည့် သတင်းအချက်အလက်များရှိနေသည်ကို မိမိတို့မသိရှိကြောင်း၊ ရုရှားထံမှ မည်သည့် သတင်းအချက်အလက် အရင်းအမြစ်များ ရရှိနိုင်မည်ကိုလည်း မိမိတို့ မသိရှိကြောင်း၊ သို့ရာတွင် မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်လာပြီဟု မိမိမျှော်လင့်ထားရာ ရုရှားက ၎င်းတွေ့သမျှ သတင်းအချက်အလက်များကို ကူညီပေးသည့်အနေဖြင့် ပေးနိုင်မည်ဟု ထင်မိကြောင်း ဗာရှ်ဗောင်းက ပြောကြားသည်ကို အင်တာဖက်စ်က ဖော်ပြသည်။

ဗာရှ်ဗောင်း၏ ဝေဖန်ပြောကြားမှုများသည် ရုရှားအစိုးရက အမေရိကန်အစိုးရအား ဆက်ဒမ်နှင့်ပတ်သက်သမျှ သတင်းရရှိမှုကို ခွဲဝေမျှတခြင်းမရှိဟု ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ အလက်ဇန်ဒါး ယာကိုဗင်ကိုက ပြောကြားကြောင်း သတင်းဌာနက ဖော်ပြသည်။

ရုရှားနှင့် အမေရိကန်အစိုးရတို့၏ မိတ်ဆွေဖြစ် ချစ်ကြည်မှုအဆင့်က စိတ်ချယုံကြည်လောက်သည့် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှု ဖော်ဆောင်ခြင်းဖြင့်လည်းကောင်း၊ လျှို့ဝှက်သတင်းများ အပါအဝင် ရရှိထားသည့် သတင်းအချက်အလက်များ ဖလှယ်ခြင်းအားဖြင့်လည်းကောင်း၊ ထို့အပြင် မီဒီယာများမှ ဖော်ပြရန် မသင့်တော်သည့် သတင်းအကြောင်းအရာများကို မိမိတို့ထံတင်ပြခြင်း စသည့် ဆောင်ရွက်မှုများသည် ထူးခြားသည့် သဘောလက္ခဏာကို ဖော်ပြခြင်းဖြစ်သည်ဟု အမေရိကန်သံအမတ်ကြီး ဗာရှ်ဗောင်းက သိရှိနားလည်ထားသင့်ကြောင်း ယာကိုဗင်ကို၏ ပြောကြားချက်ကို အထက်ပါသတင်းဌာနက ဆက်လက်ဖော်ပြလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ကူးစက်ရောဂါနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနှင့်စင်ကာပူနိုင်ငံတို့ သဘောတူညီ

ကွာလာလမ်ပူ ဇူလိုင် ၁၃

ကူးစက်မြန် ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်) အမြင့်ဆုံး ဖြစ်ပွားခဲ့ချိန်က ရေးဆွဲထားခဲ့သော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လက်ရှိ တည်နေဆဲဖြစ်သည့်မူဘောင်ကို အနာဂတ်ကာလ ရောဂါပေါ်ပေါက်မှုအတွက် ဆက်လက်ထိန်းသိမ်းထားရန် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့က သဘောတူညီထားကြသည်။

ကူးစက်ရောဂါပြန့်ပွားမှုများ လက်ရှိပေါ်ပေါက်မှုနှင့် ပြန်လည်ခေါင်းထောင်လာမှု ဖြစ်စေသည့် ခြိမ်းခြောက်မှုကို တိုက်ဖျက်ရေးအတွက် ဆက်လက်စောင့်ကြည့် လေ့လာကာ မျက်ခြည်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် အဆိုပါနှစ်နိုင်ငံတို့က သဘောတူညီထားကြကြောင်း မလေးရှား ကျန်းမာရေးဌာန အတွင်းဝန်ချုပ် အလီယာ့စ်အလီက ကွာလာလမ်ပူမြို့အနီး ပူထရာဂျာယာမြို့တွင် သောကြာနေ့က ကျင်းပသည့် နှစ်နိုင်ငံဆိုင်ရာ ဆားစ် အစည်းအဝေးအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခြင်းဖြစ်သည်။

စင်ကာပူနှင့်မလေးရှား နှစ်နိုင်ငံတို့က ဆားစ်ရောဂါနှင့် အနာဂတ်ကာလတွင် ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေးပြဿနာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာတောင့်တင်းစေရန်ကိုလည်း မျှော်လင့်လျက်ရှိကြောင်း အလီက ဆက်လက်ပြောကြားသည်။

ဖော်ပြပါ အစည်းအဝေးသည် စင်ကာပူနိုင်ငံတွင် ဇွန် ၆ ရက်က ကျင်းပသည့် ဆားစ်ရောဂါဆိုင်ရာ မလေးရှား-စင်ကာပူ နှစ်နိုင်ငံ ဒုတိယအကြိမ်မြောက် အစည်းအဝေး နောက်ဆက်တွဲ ကျင်းပသည့် အစည်းအဝေးဖြစ်သည်။

မလေးရှား ကိုယ်စားလှယ်အဖွဲ့ကို အလီယာ့စ်ကဦးဆောင်၍ စင်ကာပူ ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးအမြဲတမ်းအတွင်းဝန် မိုဆက်လီက ဦးဆောင်သည်။

နှစ်နိုင်ငံဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်ကြားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပူးပေါင်းဖလှယ်ခဲ့ပြီး ဆားစ်ရောဂါလက်ရှိ အခြေအနေ နောက်ဆုံးဖြစ်ထွန်းမှုများကို ဖြည့်ဆည်းပေးခဲ့ကြောင်း အလီယာ့စ်က အစည်းအဝေးတွင်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ ရဲစခန်းရှေ့တွင် ဗုံးပေါက်ကွဲ၍ လူတစ်ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံးရှိ ရဲစခန်းရှေ့ဘက်တွင် တနင်္လာနေ့က ဗုံးပေါက်ကွဲရာ လူတစ်ဦးထက်မနည်းသေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားလိုက်သည်။

မေဆလွန်ဒေသ အနောက်ပိုင်းမှ အဆိုပါ ဗုံးပေါက်ကွဲရာနေရာတွင် ဦးခေါင်းပြတ်နေသည့် အလောင်း ရှိနေပြီး ၎င်း၏နံဘေးတွင် အမိုးမရှိတော့သည့် ကားပျက်တစ်စီးလည်း ရှိနေသည်။

အမေရိကန်စစ်သားများက ၎င်းနေရာကို စောင့်ကြပ်နေကြသည်။ ဗုံးပေါက်ကွဲသည့် အကြောင်းရင်းကို ရုတ်တရက်မရရှိသေးပေ။

ဖော်ပြပါ ရဲဌာနသို့ အမေရိကန်စစ်သားများ ရုံဖန်ရံခါ လာရောက်ကြသည်။ ၎င်းစစ်သားများမှာ ဆွန်နီမွတ်စလင်များ အများဆုံးနေထိုင်သည့် အီရတ်မြို့တော် ဘဂ္ဂဒက်အလယ်ပိုင်းတွင် မကြာမီ ရက်သတ္တပတ်များ အတွင်းက နေ့စဉ်တိုက်ခိုက်မှု ခံနေရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ၃၇ မိုင်အကွာရှိ ဖော်လူဂျာမြို့ အဓိကလမ်းမကြီးပေါ် ဖြတ်မောင်းနှင်သွားသည့် အမေရိကန်စစ်ကားယာဉ်တန်းအား ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။ (မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့တွင် ရဲတပ်ဖွဲ့၏ တာဝန်များအား ဒေသန္တရ တရားဥပဒေစိုးမိုးရေး တာဝန်ရှိပုဂ္ဂိုလ်များထံ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့များက ကြေညာထားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကြည့်ရှုစစ်ဆေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇူလိုင် ၁၂ရက်က လက်လုပ်ဗုံးဟု မသင်္ကာဖွယ် အရာတစ်ခုကို အမေရိကန်တပ်သားများက ကြည့်ရှုစစ်ဆေးနေစဉ်။ (အမေရိကန်တို့အား အီရတ်လူမျိုး ခုခံရေးသမားများက ရရာလက်နက်ဖြင့် ခုခံတိုက်ခိုက်မှုများ ပိုမိုတိုးပွားလျက်ရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအရေး သမ္မတဘုရှ် ကိုင်တွယ်မှု ပြည်သူထောက်ခံမှု တဖြည်းဖြည်း ကျဆင်းနေ

ဝါရှင်တန် ဇူလိုင် ၁၄

အမေရိကန်သမ္မတ ဘုရှ်၏ အီရတ်အရေးကိုင်တွယ်မှုနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်သူတို့၏ ထောက်ခံမှုမှာ ဧပြီလကထက် ယခုအခါ လျော့နည်းလာကြောင်း နယူးစ်ဝိခ် လူထုသဘောထား ကောက်ခံမှုစာရင်းအရ တနင်္ဂနွေနေ့က သိရှိရသည်။

အီရတ်နိုင်ငံအတွင်း အမေရိကန်စစ်ဆင်မှုအား သမ္မတဘုရှ် ကိုင်တွယ်ဆောင်ရွက်ပုံကို လူထုသဘောထား ကောက်ခံကြည့်ရာတွင် ဧပြီလ ၁၀ ရက်နှင့် ၁၁ ရက်က ၇၄ ရာခိုင်နှုန်း၊ မေလ ၂၉ ရက်နှင့် ၃၀ ရက်က ၆၅ ရာခိုင်နှုန်းနှင့် ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တွင် ၅၃ ရာခိုင်နှုန်းအထိ ထောက်ခံသူဦးရေ လျော့နည်းလာသည်။

သမ္မတအပေါ် ယေဘုယျထောက်ခံမှုမှာလည်း မေလက ၆၁ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၅၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ကို တွေ့ရသည်။

အင်တာနက်။

အချိန်ကြာလာ၍ အမေရိကန်တို့ စစ်စရိတ်ထောင်းနေ အီရတ်စစ်သုံးစရိတ် အမေရိကန်ဒေါ်လာ ဘီလျံ ၁၀၀ အထိရှိနိုင်

ဘဂ္ဂဒက် ဇူလိုင် ၁၄

အီရတ်စစ်ပွဲနှင့် သိမ်းပိုက်စိုးမိုးထားရေး ကုန်ကျစရိတ်များသည် လာမည့်နှစ်အထိပါ ထည့်သွင်းတွက်ချက်လျှင် အမေရိကန်ဒေါ်လာ ဘီလျံ ၁၀၀ အထိ ရောက်သွားနိုင်သည်။ ထိုငွေကြေးပမာဏသည် စစ်ဖြစ်စက ခန့်မှန်းထားသည့် ကုန်ကျစရိတ်ထက် အတော်ကြီးမြင့်မားနေသည်ဟု ကာကွယ်ရေးဌာနမှ လက်ထောက်အရာရှိကြီးများနှင့် ကွန်ဂရက်မှ လက်ထောက်အရာရှိကြီးများက ဆိုသည်။ အစိုးရအနေဖြင့် လိုငွေပြနေသည့်အချိန်တွင် အီရတ်စစ်သုံးစရိတ်များ တက်လာသည့်အတွက် အခြားစစ်ရေးအသုံးစရိတ်များ မပြည့်မစုံဖြစ်မည်ကို ပူပန်လာကြရသည်။

ကျော်လွန်

စစ်ပွဲအတွက် အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ဘီလျံ ၅၀ နီးပါးရှိသည်။ ဤသို့ အသုံးစရိတ်တိုးလာသည့်အတွက် ယခုနှစ် စစ်အသုံးစရိတ်သည် မူလက သတ်မှတ်ထားသည်ထက် ၁၄ ရာခိုင်နှုန်းကျော်လွန်နေပြီဖြစ်သည်။ အမေရိကန်၏ စစ်အသုံးစရိတ်သည် ၁၉၉၆ ခုနှစ်က ဒေါ်လာ ၂၆၅ဘီလျံ ရှိသည်။ အီရတ်စစ်ပွဲ မစတင်မီကပင် အမေရိကန်သမ္မတဘုရှ်သည် ၂၀၀၈ ခုနှစ်အထိ အသုံးစရိတ်ကို ကြိုတင်အဆိုပြုတင်ပြခဲ့သည်။ ထိုတင်ပြချက်အရ စစ်သုံးစရိတ် တစ်နှစ်စာသည် ဒေါ်လာဘီလျံ ၄၆၀ ရှိသည်။ ၎င်းပမာဏသည် ၁၉၉၆ ခုနှစ် အသုံးစရိတ်ထက် ၇၄ ရာခိုင်နှုန်း ပိုမိုနေသည်ကို ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စုအစိုးရ၏ ဘတ်ဂျက်ငွေစာရင်းမှာလည်း အကြီးအကျယ်လိုငွေပြနေသည်။ အမေရိကန်၏ လက်ရှိ ဘတ်ဂျက်နှစ်သည် လာမည့် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။ ထိုအချိန်တွင် ဖြစ်ပေါ်လာမည့် ရသုံးခန့်မှန်းခြေငွေစာရင်း လိုငွေပမာဏသည် ဒေါ်လာဘီလျံ ၄၀၀ ကျော်သွားနိုင်သည်ဟု အမေရိကန်အရာရှိများက ခန့်မှန်းထားကြသည်။

အများဆုံးလိုငွေ

ထိုလိုငွေ ပမာဏသည် အမေရိကန်သမိုင်းတွင် အများဆုံးလိုငွေဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။ မစ်ချယ်အီးဒယ်နီရယ်ဂျူနီယာသည် အိမ်ဖြူတော်ဘတ်ဂျက်ဒါရိုက်တာဟောင်းဖြစ်သည်။ ၎င်းက ပြီးခဲ့သော လအတွင်းတွင် ယခုနှစ် အစိုးရ၏ ဘတ်ဂျက်လိုငွေပမာဏသည် နည်းပါးသွားလိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့သည်။

သို့သော် ဂိုလ်းမင်ဆက်ချ်အုပ်စုမှ စီးပွားရေးပညာရှင်များကမူ စစ်အသုံးစရိတ် အခြေအနေများပါ ထည့်သွင်းစဉ်းစားခဲ့ကြသည်။ သောကြာနေ့က ထုတ်ပြန်သော အဆိုပါ အုပ်စု၏ ဘတ်ဂျက် ခန့်မှန်းချက်တွင် ရသုံးမှန်းခြေ ငွေစာရင်း လိုငွေမှာ ယခင်က ၎င်းတို့ ခန့်မှန်းထားသည့် ပမာဏထက်ပင် ပိုမိုများပြားနိုင်သေးသည်ဟု ဆိုသည်။ ယခင်က ထိုအဖွဲ့က ခန့်မှန်းထားသော လိုငွေပမာဏမှာ ဒေါ်လာ ၄၇၅ ဘီလျံဖြစ်သည်။

အမေရိကန်အစိုးရပိုင်းမှ အရာရှိများက စစ်ပြီးကာလ အီရတ်အသုံးစရိတ်သည် မူလက ခန့်မှန်းထားသည်ထက် ပိုမိုလာမည်ဖြစ်ကြောင်း အသိအမှတ်ပြုလာကြသည်။ ပင်တဂွန်စစ်ဌာနချုပ် ဘဏ္ဍာရေးဌာန အကြီးအကဲ ဒေါ့ဗ်ဇာကမ်းက အီရတ်၏ စစ်ပြီးကာလ စစ်ဆင်ရေးအသုံးစရိတ်သည် တစ်လလျှင် ဒေါ်လာသန်း ၂,၂၀၀ ရှိမည်ဟု ဆိုသည်။ ဇွန်လတွင် အထက်ပါ ခန့်မှန်းချက်ကို သန်း ၃၀၀၀ အထိ ပြင်ဆင်ခန့်မှန်းခဲ့ရသည်။ လက်ရှိအခြေအနေတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ ၁၄၅၀၀၀ တပ်စွဲထားရပြီး တိုက်ခိုက်မှုများလည်း ဖြစ်ပွားနေရာ အသုံးစရိတ်မှာ ပြင်ဆင်ထားသော ခန့်မှန်းချက်ထက်ပင် ပိုနိုင်သေးသည်ဟု ဆိုသည်။ ***အင်တာနက်။***

ရုရှားသံတမန်များ၏ လုံခြုံရေး အမေရိကန် အာမခံသင့်ဟု ရုရှားကြေညာ

မော်စကို ဇူလိုင် ၁၃

အမေရိကန်နိုင်ငံအနေဖြင့် အီရတ်ရှိ ရုရှားသံတမန်များ၏ ဘေးကင်းလုံခြုံရေးကို အာမခံသင့်ပြီး ရုရှားသံတမန်များကို အပြည့်အဝ အသိအမှတ်ပြုသင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ကြေညာသည်။

အမေရိကန်အစိုးရအနေဖြင့် အီရတ်ရှိ ရုရှားသံရုံးကို သံတမန်ကိုယ်စားလှယ်အဖွဲ့အဖြစ် မယူဆဘဲ သံရုံးဝန်ထမ်းများ လုံခြုံရေးကို တာဝန်မယူသင့်ကြောင်း အမေရိကန်သံအမတ်ကြီး အလက်ဇန္ဒားဗာ့ရှ်ကောင်းက ပြောကြားပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

ယခုအခါ အီရတ်အစိုးရ မရှိတော့သည့်အတွက် အီရတ်နိုင်ငံ၌ အခြားနိုင်ငံများက သံရုံးများ ဖွင့်လှစ်ထားခြင်းမှာ ဉာဏ်အမြော်အမြင်မရှိဟု အမေရိကန်က ယူဆကြောင်း အမေရိကန် သံအမတ်ကြီးက ပြောဆိုသည်။

ဤသဘောထားမှာ နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် နိုင်ငံတကာ အသိအမှတ်ပြု သံတမန်ရေး ကျင့်သုံးမှုများအရ အပြစ်မကင်းကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံတွင် မြစ်ရေများ ဆက်လက်မြင့်တက်

နယူးဒေလီ ဇူလိုင် ၁၃

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယနိုင်ငံမှ မြစ်များ၌ မြစ်ရေများ ဆက်လက်မြင့်တက်နေသဖြင့် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မကြာသေးမီက ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံးလူ ၁၇ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သောကြာနေ့က ခရိုင်သုံးခုတွင် ရေယာဉ်တိမ်းမှောက်မှုများကြောင့် လူလေးဦး ထပ်မံသေဆုံးခဲ့ရသည့်အတွက် စနေနေ့အထိ သေဆုံးသူ စုစုပေါင်းမှာ ၁၇ ဦးအထိ ရှိသွားပြီဖြစ်သည်။

အိန္ဒိယနိုင်ငံတစ်ဝန်းရှိ မြစ်များအားလုံးတွင် မြစ်ရေများ လျှံတက်လျက်ရှိပြီး မြစ်ရိုးများတစ်လျှောက် နေရာအများအပြားတွင် စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့ကြောင်း ဗဟိုရေအရင်းအမြစ် ကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် နိုင်ငံတကာလေဆိပ်သို့ သွားသည့် လမ်းတစ်လျှောက်ရှိ ချုံနွယ်ပိတ်ပေါင်းများအား အမေရိကန်တပ်သားများက ဇူလိုင် ၁၂ ရက်က မီးရှို့ဖျက်ဆီးနေစဉ်။ (မကြာမီ ရက်သတ္တပတ်များက အဆိုပါလမ်းတစ်လျှောက်တွင် အမေရိကန်တပ်သားများ ချုံခိုတိုက်ခိုက်ခံရ၍ သေဆုံးဒဏ်ရာရရှိခဲ့ကြသည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပေးတော့မည် အီရတ်ပြည်သူတို့ ကိုယ့်နိုင်ငံ ကိုယ်အုပ်ချုပ်ရေး ပထမခြေလှမ်းဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၁၃

ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖြုတ်ချဖယ်ရှားပြီးလျှင် အမြန်ဆုံး အီရတ်တို့ကို အာဏာလွှဲပေးပါမည် ဟူသော စစ်မဖြစ်မီက ကတိကဝတ်များ အကောင်အထည်ဖော်ရန် ကြိုးပမ်းရာ၌ ရက်သတ္တအတန်ကြာ ခက်ခက်ခဲခဲ ဆွေးနွေးညှိနှိုင်းပြီးနောက် အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော အာဏာပိုင်များက အီရတ်နိုင်ငံ၏ စစ်ပြီးခေတ် ပထမဆုံးသော အုပ်ချုပ်ရေးကောင်စီကို ကြေညာနိုင်မည်ဟု မျှော်လင့်ရသည်။

ပါဝင်မည်

အုပ်ချုပ်ရေးကောင်စီဝင် အမည်များကို အပြီးသတ် ထုတ်ပြန်နိုင်ခြင်း မရှိသော်လည်း အီရတ်နိုင်ငံမှ ကာ့ဒ်၊ ရှီးယား၊ ဆွန်နီ၊ တပ်ခ်မင်၊ ခရစ်ယာန် စသည့် အသိုက်အဝန်းမှ လူ ၂၅ ဦး ပါဝင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအာဏာ ကျယ်ကျယ်ပြန့်ပြန့်ပေးမည်ဖြစ်ကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။ ၎င်းတို့အဖွဲ့သစ်တွင် အမျိုးသမီး သုံးလေးဦး ပါဝင်မည်ဟု သိရသည်။

အုပ်ချုပ်ရေးကောင်စီ စတင်ဖွဲ့စည်းသည့် အခမ်းအနားသို့ ကုလသမဂ္ဂ အီရတ်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဆာဂျီယိုဒီမဲလို တက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အခွင့်အာဏာများ

အုပ်ချုပ်ရေးကောင်စီ၏ အခွင့်အာဏာများတွင် ဝန်ကြီးများအား ခန့်ထားခြင်း၊ ဖြုတ်ပစ်ခြင်းနှင့်တကွ အီရတ်၏ အနာဂတ်ရေးကို ပုံဖော်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာ ကော်မတီ ဖွဲ့စည်းပေးရေး ပါဝင်သည်ဟု သိရသည်။

ထို့ပြင် နိုင်ငံသုံးငွေအသစ် ထုတ်လုပ်ရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒ ချမှတ်ရေးတို့ကိုလည်း ကြီးကြပ်ပေးရမည်ဆို၏။ ***အင်တာနက်။***

အမေရိကန်စစ်သား ထိခိုက်သေဆုံးမှုနှုန်း များပြားလာမှု အမေရိကန်ပြည်သူ ၅၂ ရာခိုင်နှုန်း လက်မခံ

ဝါရှင်တန် ဇူလိုင် ၁၃

အီရတ်နိုင်ငံ၌ အမေရိကန်စစ်သားများ ထိခိုက်ကျဆုံးနေမှုအပေါ် လက်မခံနိုင်သည့် အမေရိကန်ပြည်သူ ဦးရေ ပိုမိုများပြားလာပြီး အီရတ်နိုင်ငံက လူအစုအပြုံလိုက်သေစေနိုင်သောလက်နက်များ ပိုင်ဆိုင်ထားမှုကို သက်သေပြရန် အမေရိကန်အစိုးရက တမင်ပုံကြီးချဲ့နေခြင်းဖြစ်သည်ဟု ယုံကြည်နေကြကြောင်း အေဘီစီ ဝါရှင်တန်ပို့စ် လူထုသဘောထားကောက်ယူရရှိမှုစာရင်းအရ သိရသည်ဆို၏။

ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တွင် လူ ၁၀၀၆ ဦးအား သဘောထားမေးမြန်းစာရင်းပြုစုရာတွင် အီရတ်နိုင်ငံအတွင်း အမေရိကန်စစ်သား ထိခိုက်ကျဆုံးပမာဏကို လက်မခံသူ ၅၂ ရာခိုင်နှုန်းရှိသည်။ အီရတ်စစ်ပွဲကို တိုက်သင့်သည်ဟု ယူဆသူဦးရေမှာ ဧပြီလကုန်က ၇၀ ရာခိုင်နှုန်းရှိပြီး ယခုအခါ ၆၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။

အင်တာနက်။

အီရတ် ငြိမ်းချမ်းရေးအတွက်မူ ပေါ်လွင်စေရန် ဘလဲ၏ ပြောဆိုချက် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်ဟောင်း ဝေဖန်ပြောဆို

လန်ဒန် ဇူလိုင် ၁၃

အီရတ်သမ္မတဆက်ဒမ်ဟူစိန်သည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သည့် လက်နက်များကို ၄၅ မိနစ်အတွင်း ဖြန့်ကြက်နိုင်သည်ဆိုသော ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ပြောဆိုချက်သည် အခြေခံကျကျမှားယွင်းမှု တစ်ရပ်ကို ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ်ဟောင်း ဟန်းစ်ဘလစ်ဇ်က ဗြိတိသျှသတင်းစာတစ်စောင်သို့ တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

သံသယဖြစ်မိ

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် ထောက်လှမ်းရေး အစီရင်ခံစာများအား အသုံးပြုပုံ နည်းလမ်းနှင့်ပတ်သက်၍ မိမိအနေဖြင့် သံသယဖြစ်မိသည်ဟု ဟန်းစ်ဘလစ်ဇ်က ယခင်ကပင်လျှင် ပြောဆိုခဲ့သော်လည်း ဗြိတိသျှအင်ဒီပင်းဒင့် သတင်းစာသို့ ယခုပြောဆိုချက်သည် ယခင်ပြောဆိုချက်ထက် ပိုမိုကျယ်ပြန့်နက်ရှိုင်းသည်ဟုဆို၏။

အီရတ်နိုင်ငံသည် ၄၅ မိနစ်တာကာလအတွင်း အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ဖြန့်ကြက်နိုင်သည်ဟူ၍ တိုနီဘလဲ၏ပြောဆိုခြင်းမှာ အခြေအမြစ်မရှိ နှုတ်ကျွံခြင်းပင်ဖြစ်ကြောင်း ဘလစ်ဇ်ကပြောကြားသည်။

ကာကွယ်ပြောဆို

မိမိ၏အမြင်အရ ပြောရလျှင် တိုနီဘလဲသည် ဗြိတိသျှ ထောက်လှမ်းရေး သတင်းအချက်အလက်များအပေါ် အလွန်အကျွံ အဓိပ္ပာယ်ကောက်ယူမှု ပြုလုပ်ခဲ့ကြောင်း ဟန်းစ်ဘလစ်ဇ်က သတင်းစာသို့ ပြောကြားသည်။ သို့ရာတွင် ဝန်ကြီးချုပ်ရုံးကမူ အီရတ်နိုင်ငံ၏ ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ တိုနီဘလဲ၏ ပြောကြားချက်ကို ကာကွယ် ပြောဆိုခဲ့သည်။

သုံးသပ်ဖော်ပြ

အီရတ်နိုင်ငံအား စစ်ရေးအရ အရေးယူရန်လိုအပ်ပုံကို ညွှန်းဆိုသည့် အကြောင်းတရားများအဖြစ် ဗြိတိသျှ အစိုးရက အီရတ် လက်နက်အစီအစဉ်အပေါ် သုံးသပ်ချက်မှတ်တမ်း၌ အီရတ်နိုင်ငံအနေဖြင့် ၄၅ မိနစ်အတွင်း အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ဖြန့်ကြက်နိုင်သည်ဟူ၍ ဖော်ပြခဲ့သည်။ ဗြိတိသျှအစိုးရသည် အဆိုပါ မှတ်တမ်းကို ပြီးခဲ့သည့် စက်တင်ဘာလက ပါလီမန်ထံသို့ တင်ပြခဲ့သည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

စွန့်ပစ်လက်နက်

ဇူလိုင် ၁ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသတွင် စွန့်ပစ်ထားသည့် ဒုံးကျည်တစ်စင်းကို ကြည့်ရှုနေသည့် အီရတ်ကလေးငယ်များအား တွေ့ရစဉ်။ (အီရတ်နိုင်ငံတွင် စစ်ပွဲအတွင်းက စွန့်ပစ်ထားသော မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ၏ အန္တရာယ်ကို ယခုထက်ထိ မဖြေရှင်းနိုင်သေးပေ။)

(ဓာတ်ပုံ-အင်တာနက်)

သဘာဝဓာတ်ငွေ့ဈေးနှုန်းကိစ္စ စေ့စပ်ညှိနှိုင်း တူရကီနှင့်ရုရှားနိုင်ငံတို့ သဘောတူညီမှုမရ

အန်ကာရာ ဇူလိုင် ၁၃

တူရကီနှင့် ရုရှားနိုင်ငံတို့သည် သဘာဝဓာတ်ငွေ့ ဈေးနှုန်းနှင့် ပတ်သက်၍ အငြင်းပွားမှုများအား စေ့စပ်ဖျန်ဖြေ၍ မရဘဲဖြစ်ခဲ့ကြောင်း တူရကီနိုင်ငံ အနာတိုလီယန် သတင်းဌာနက သောကြာနေ့၌ ဖော်ပြသည်။

ကြာသပတေးနေ့က အန်ကာရာမြို့တွင် ငါးနာရီနီးပါးကြာ ဆွေးနွေးပွဲ ကျင်းပခဲ့စဉ် တူရကီစွမ်းအင်နှင့် သဘာဝသယံဇာတ အရင်းအမြစ် ဝန်ကြီး အယ်မီဂူလာနှင့် ရုရှားသဘာဝ ဓာတ်ငွေ့ကုမ္ပဏီကြီး ဂါဇပရွမ်၏ အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ အလက် ဇီမေလာတို့သည် တစ်ဖက်နှင့် တစ်ဖက် လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရန်သာ သဘောတူညီခဲ့ကြသည်။

တူရကီသည် ဘလူးစထရင်းပိုက်လိုင်းမှတစ်ဆင့် ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့များဝယ်ယူမှုကို ၂၀၀၃ ခုနှစ် မတ် ၁၂ ရက်တွင် ရပ်ဆိုင်းခဲ့ပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လအထိ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ရုရှားနိုင်ငံမှ ဝယ်ယူသည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းသည် အဆမတန် မြင့်မားသည်ဟုယူဆပြီး ဈေးနှုန်းလျှော့ချပေးရန် တူရကီနိုင်ငံက တောင်းဆိုထားသည်။ အမ်အင်အေ၊ဆင်ဟွာ။

အောင်ပွဲခံ

လော့စ်အိန်ဂျလိစ်မြို့ ကိုလီဘီယမ် အားကစားကွင်းတွင် ကျင်းပခဲ့သည့် ကူအာလိုက် ရီကိုပါ ဖလားဘောလုံးဗိုလ်လုပွဲ၌ ဆန်လိုရီဇိဒယ် ဒလ်မာရီးပင်းအား နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆုဖလားနှင့်အတူ အောင်ပွဲခံနေသည့် ပါရာဂွေးနိုင်ငံမှ ကိုလံဘီယာအသင်းအား ဇူလိုင် ၁၂ ရက်က မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ဗြိတိန်တပ်သားများ ကျဆုံးသမျှ

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ၌ အမေရိကန်နိုင်ငံဦးဆောင်သည့်တပ်များ စတင်တိုက်ခိုက်သည်မှ ဇူလိုင် ၁၂ ရက် (စနေနေ့)အထိ ကျဆုံးသူ အမေရိကန်စစ်သားပေါင်း ၂၁၇ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။ ထိုကာလအတွင်း ဗြိတိန်စစ်သား ၄၂ ဦး သေဆုံးရသည်ဟု ဗြိတိန်အစိုးရက ကြေညာသည်။

သေဆုံးသူ ၇၉ ဦး

အမေရိကန်သမ္မတဘုရှ်က တိုက်ပွဲကြီးများ ပြီးဆုံးသွားပါပြီဟူ၍ မေ ၁ ရက်က ပြောဆိုပြီး ကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်စစ်သားပေါင်း ၇၉ ဦး ရှိသည်ဟု အမေရိကန် စစ်ဌာနချုပ်က ကြေညာသည်။

အမေရိကန်စစ်သားများ အီရတ်၌ နောက်ဆုံးသေဆုံးသည့် သတင်းမှာ အမေရိကန် အမှတ် (၄) ခြေလျင်တပ်မမှ စစ်သားတစ်ဦး စနေနေ့က သေဆုံးခြင်းဖြစ်သည်။

အင်တာနက်။

ဥရောပ၌ လူမှောင်ခိုသမားများအား နှိမ်နင်းဖော်ထုတ် လူ ၃၈ ဦးကို ဖမ်းဆီးထားဟု ယူရိုပိုလ်ပြောကြား

အမ်စတာဒမ် ဇူလိုင် ၁၃

ဥရောပနိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များသည် လိင်ကုန်သွယ်မှုလုပ်ငန်းတွင်းသို့ အမျိုးသမီးများနှင့် ကလေးငယ်များအား မှောင်ခိုခိုးသွင်းနေသည်ဟု သင်္ကာမကင်းသူ လူမှောင်ခိုများအား ရှာဖွေဖော်ထုတ်နှိမ်နင်းရာတွင် လူ ၃၈ ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ဥရောပသမဂ္ဂရဲတပ်ဖွဲ့ အေဂျင်စီ (ယူရိုပိုလ်) က သောကြာနေ့ကပြောကြားသည်။

ဥရောပသမဂ္ဂ (အီးယူ)ဥက္ကဋ္ဌရာထူးအဖြစ် ခြောက်လကြာ အလှည့်ကျတာဝန်ထမ်းဆောင်ရန် အီတလီသို့ ယခုလအတွင်း လွှဲပြောင်းပေးအပ်ခဲ့သည့် ဂရိနိုင်ငံသည် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် အဆိုပါစစ်ဆင်ရေးကို ဦးဆောင်လုပ်ရှားခဲ့သည်။

အီးစီ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဂရိ၊ အီတလီနှင့်ပေါ်တူဂီနိုင်ငံတို့မှ ရဲတပ်ဖွဲ့များသည် လူမှောင်ခိုသမားများဟု သင်္ကာမကင်းသူ ၁၁၀ ဦးအား စုံစမ်းစစ်ဆေးမှု ၁၃၄ ကြိမ်ပြုလုပ်ရာတွင် အရှေ့တောင်ဥရောပနိုင်ငံ ၁၀ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ဘော့စနီးယားနှင့် ဂရိနိုင်ငံတို့တွင် မေလအတွင်းက ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်ဆင်ရေး အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်း မရှိပေ။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ယူရေနီယံကိစ္စ စွပ်စွဲခဲ့မှု ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ် တာဝန်ယူသင့် ဩစတြေးလျ လေဘာပါတီ ဒုတိယခေါင်းဆောင်က ပြစ်တင်ရှုတ်ချ

ကင်ဘာရာ ဇူလိုင် ၁၃

အီရတ်နိုင်ငံသည် အာဖရိကတိုက်မှ ယူရေနီယံကို ဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဟု ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ဩစတြေးလျပြည်သူလူထုကို ပြောဆိုခဲ့မှုအတွက် ၎င်းအနေဖြင့် တာဝန်ယူရမည်ဖြစ်ကြောင်း လေဘာပါတီ ဒုတိယခေါင်းဆောင် ဂျင်နီမက္ကလင်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်စစ်ပွဲတွင် ဩစတြေးလျနိုင်ငံ ပါဝင်ပတ်သက်ရသည့် အကြောင်း ပြောဆိုချက်တစ်ရပ်အဖြစ် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပါလီမန်တွင် ဂျွန်ဟောင်းဝပ်က ပြောကြားခဲ့ရာတွင် မိမိတို့ရရှိသော ထောက်လှမ်းရေး အစီရင်ခံစာများအရ အီရတ်နိုင်ငံသည် နိုင်ဂျာနိုင်ငံထံမှ ယူရေနီယံ ဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဟုဆို၏။ ယူရေနီယံကိစ္စနှင့် ပတ်သက်၍ ထောက်လှမ်းရေး အစီရင်ခံစာများပါ ဖော်ပြချက်များသည် ထိုစဉ်ကပင်လျှင် ယုံကြည်ချင်စရာ မကောင်းကြောင်း၊ ထောက်လှမ်းရေး အစီရင်ခံစာများပါ ယူရေနီယံကိစ္စသည် မှားယွင်းနေသော သတင်းဖြစ်သည်ဟု ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့အစည်းများက သိရှိခဲ့ကြသော်လည်း မစ္စတာဟောင်းဝပ်ကို အသိပေး အကြောင်းကြားခြင်း မရှိခဲ့ကြောင်း မက္ကလင်းက ပြောကြားသည်။

မည်သို့ပင်ဆိုစေကာမူ ဂျွန်ဟောင်းဝပ်သည် ၎င်း၏ ပြောဆိုခဲ့မှုအတွက် တာဝန်ရှိကြောင်း မက္ကလင်းက နိုင်းနတ္တဝ့ါခ် ရုပ်မြင်သံကြား၌ ဤသို့ ပြောကြားသည်။ **အင်တာနက်။**

ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံ အပြင်ဘက်တွင် လက်လုပ်ဗုံးဟု ယူဆရသည့် ဖောက်ခွဲပစ္စည်းတစ်မျိုး ပေါက်ကွဲမှုကြောင့် ဖြစ်ခဲ့ရသည့် အပျက်အစီးများကို ဇူလိုင် ၁၂ ရက်က အမေရိကန်တပ်သားများ စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် တာဝန်ထမ်းဆောင်စဉ် အမေရိကန် စစ်သမီး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

အမေရိကန် စစ်မှုထမ်းအမျိုးသမီး တပ်ကြပ်ကြီးတစ်ဦးသည် အီရတ်နိုင်ငံ၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားသည်။ သူမသည်အီရတ်၌ သေဆုံးသွားသော ဒုတိယမြောက် အမေရိကန် စစ်သမီးဖြစ်သည်။

မတော်တဆဖြစ်

သူမမှာ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အီဂယ်ပါစ်မှ အသက် (၂၆)နှစ်ရှိ တပ်ကြပ်ကြီး မီလီစာဗာလစ်ဖြစ်သည်။ သူမ ရရှိခဲ့သော ဒဏ်ရာမှာ တိုက်ပွဲကြောင့် ရရှိသော ဒဏ်ရာမဟုတ်ဘဲ ဘဂ္ဂဒက်မြို့မြောက်ဘက် ၅၅ မိုင်အကွာရှိ ဘာလက်မြို့တွင် မတော်တဆဖြစ်ပွားရာမှ ရသောဒဏ်ရာဖြစ်သည်ဟု ဆိုသည်။ အခင်းဖြစ်ပွားရသော အကြောင်းရင်းကို လေ့လာစုံစမ်းလျက်ရှိပြီး အကြောင်းအရာ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ဝမ်းဗိုက်တွင် ဒဏ်ရာရ

သူမသည် အမှတ်(၃) တိုက်ခိုက်ရေးတပ်မ၏ အမှတ်(၆၄) ရှေ့တန်းအထောက်အကူပြု ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသော စစ်သမီးဖြစ်သည်ဟု စစ်ဘက်သတင်းများကဆိုသည်။ မီလီစာဗာလစ်သည် ဝမ်းဗိုက်တွင် ဒဏ်ရာရရှိသွားကြောင်း သိရသော်လည်း အခင်းဖြစ်ပွားရာ အခြေအနေကို မိမိတို့ မသိရှိရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး တွမ်ဗဒ်ဇနာက ဆိုသည်။

အီရတ်တွင် သေဆုံးသွားသော ပထမ အမေရိကန်စစ်သမီးမှာ အာရီဇိုးနားပြည်နယ် တူဘာစီတီမှ အသက်(၂၂)နှစ်ရှိ လောရီပစ္စဘီဂါ ဖြစ်သည်။ သူမသည် အမေရိကန်တို့ ကယ်ထုတ်ခဲ့ရသော စစ်သမီး ဂျက်စီကာတို့၏ကားအခြား ယာဉ်တစ်စီးနှင့် တိုက်မိစဉ်က အတူရှိနေခဲ့သည်။ **အင်တာနက်။**

ဘဂ္ဂဒက်လေဆိပ် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း စင်ကာပူလုပ်ငန်းစု ပါဝင်ဆောင်ရွက်ခွင့် ရရှိ

စင်ကာပူ ဇူလိုင် ၁၂

စစ်အပြီး မြို့ပြလေကြောင်း ခရီးစဉ်များ ပြန်ဖွင့်သောအခါ ဘဂ္ဂဒက်လေဆိပ် မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများအတွက် စင်ကာပူလုပ်ငန်းစုတစ်ခုကို လုပ်ကိုင်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း အစိုးရနှင့် အဆက်အသွယ်ရှိသည့် စင်ကာပူကုမ္ပဏီနှစ်ခုက စနေနေ့တွင် ပြောကြားလိုက်သည်။

ပါဝင်

ထိုလုပ်ငန်းစုတွင် သူတို့ပါဝင်ကြောင်း ကက်ပဲကော်ပိုရေးရှင်းနှင့် အက်စ်အေတီအက်စ်ကုမ္ပဏီတို့က အတည်ပြုပြောကြားပြီး ထို့ထက် ထုတ်ဖော်မပြောဆိုကြပေ။

သဘောတူညီချက်နှင့် ကန်ထရိုက်စာချုပ်များကို လက်မှတ်ရေးထိုးပြီးမှ ထုတ်ပြန်ကြေညာမည်ဟု ဆိုသည်။ **အင်တာနက်။**

အမ်ဖီတမင်း ကီလို ၁၅၀ ဘူဂေးရီးယား၌ ဖမ်းဆီးရမိ

ဆိုဖီယာ ဇူလိုင် ၁၃

ဘူဂေးရီးယားရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်းတွင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာနေရာ တစ်နေရာကို ဝင်ရောက်ရှာဖွေဖျက်ဆီးပြီး အမ်ဖီတမင်း ကီလို၁၅၀ ကို သိမ်းဆည်းရမိကြောင်း ဘူဂေးရီးယားမီဒီယာက သောကြာနေ့တွင် ဖော်ပြသည်။ ယင်းပမာဏမှာ မကြာသေးမီ နှစ်များအတွင်း ဘူဂေးရီးယားနိုင်ငံတွင် ဖမ်းမိခဲ့သည့် အများဆုံး မူးယစ်ဆေးဝါးပမာဏဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းဖြစ်သည်။

သိမ်းဆည်းရမိ

ရဲတပ်ဖွဲ့၏ ရှစ်လကြာ စစ်ဆင်ရေး ဆင်နွှဲပြီးနောက်တွင် နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချမည့် အမ်ဖီတမင်းဆေးပြားများ ထုတ်လုပ်သည့် ဘူဂေးရီးယားနိုင်ငံသား ခြောက်ဦးပါဝင်သည့် ရာဇဝတ်ဂိုဏ်း တစ်ဂိုဏ်းကို ဖမ်းဆီးရမိခဲ့သည်။ စစ်ဆင်ရေးကာလအတွင်း ရဲတပ်ဖွဲ့သည် လက်နက်ခဲယမ်းမီးကျောက်နှင့် ပေါက်ကွဲပစ္စည်းအချို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

အနောက်ဥရောပနိုင်ငံများသို့ မူးယစ်ဆေးဝါး တင်ပို့ရောင်းချသည့် အရေးပါသော စခန်းအဖြစ် ဘူဂေးရီးယားနိုင်ငံအား ရာဇဝတ်ဂိုဏ်းများက အသုံးပြုလျက်ရှိသည်။ ဘူဂေးရီးယားရဲတပ်ဖွဲ့သည် လွန်ခဲ့သည့် ၁၆ နှစ်အတွင်း မူးယစ်ဆေးဝါး တန်ချိန် ၂၀ ကျော်ကို ဖမ်းဆီးခဲ့ရာတွင် ဥရောပနိုင်ငံများ၌ အများဆုံး ဖမ်းဆီးမှုများအနက် တစ်ခုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဆင်းရဲမွဲတေမှု တိုက်ဖျက်ရာ၌ တရုတ်သည် စံနမူနာပြစရာ နိုင်ငံဖြစ် ပြည်သူလူထု သန်း ၁၅၀ကို ဆင်းရဲမွဲတေမှုမှ လွတ်မြောက်စေခဲ့

ဘော့ဂျင်း ဇူလိုင် ၁၃

တရုတ်ပြည်သည် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရာတွင် ကမ္ဘာပေါ်၌ စံနမူနာပြစရာကောင်းသည့် နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်၏ ၂၀၀၃ ခုနှစ် လူသားဖွံ့ဖြိုးရေး အစီရင်ခံစာကို ကြာသပတေးနေ့က ထုတ်ပြန်ရာတွင် ယူအင်ဒီပီ အကြံပေးပုဂ္ဂိုလ် ဘောဘိုဆီက ပြောကြားသည်။

အကြီးမားဆုံး အောင်မြင်မှု

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ တရုတ်ပြည်တွင် ဆင်းရဲမွဲတေစွာဖြင့် နေထိုင်သည့် လူဦးရေ အချိုးအစားသည် ၃၃ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ရာ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးတွင် အကြီးမားဆုံး အောင်မြင်မှုပင်ဖြစ်သည်။

တရုတ်ပြည်ရှိ ယူအင်ဒီပီက အဆိုပါ အစီရင်ခံစာကို ထုတ်ပြန်ခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာတွင် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ဖြည့်ဆည်းရာ၌ တိုးတက်မှု အခြေအနေကို ပြည့်ပြည့်စုံစုံ သုံးသပ်ဖော်ပြထားသည်။

လွတ်မြောက်စေခဲ့

တရုတ်ပြည်က ကမ္ဘာ့ဆင်းရဲမွဲတေမှုလျှော့ချရေး ကြိုးပမ်းချက်ကြောင့် တရုတ်ပြည်၏ စီးပွားရေးသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တစ်နှစ်လျှင် ၉ ရာခိုင်နှုန်းကျော် ရှိခဲ့ရာ တရုတ်ပြည်သူ သန်း ၁၅၀ကျော်ကို ဆင်းရဲမွဲတေမှုမှ လွတ်မြောက်စေခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

စွမ်းဆောင်ရည်ပြည့်ဝ

တရုတ်ပြည်သည် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များအတွက် အညွှန်းကိန်းများအား ဖော်ဆောင်ရာတွင် စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံအနည်းငယ်အနက် ပါဝင်ကြောင်း ယူအင်ဒီပီဌာနေ ကိုယ်စားလှယ် ကာစတင်လိုင်နာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ခရီးသွားလုပ်ငန်း

တရုတ်ပြည် အလယ်ပိုင်း ဟူနန်ပြည်နယ် ဇန်ဂျီယာဂျီမြို့ ဥယျာဉ်တစ်ခုတွင် ရေတံခွန်ကို နောက်ခံပြုလျက် ကမ္ဘာလှည့် ခရီးသည်များ ဓာတ်ပုံအရိုက်ခံနေသည်ကို ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။ (အဆိုပါ နေ့တွင် ကမ္ဘာလှည့်ခရီးသည် ၆၀၀၀ လာရောက်လည်ပတ်ခဲ့ကြောင်းသိရသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

ငြိုးခြံဓျောတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်



❀ ရှေ့ဖုံးမှ

ကျောင်းအမကြီး ဒေါ်ဆယ်က အောင်လက်မှတ်နှင့် အောင်ဆုများကို ကြခတ်ပိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

အမျှပေးဝေ

ယင်းနောက် တွဲဖက် ရွှေကျင် သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒစရိယ ကြခတ်ပိုင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိပါလက အနုမောဒနာတရားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပဲခူးမြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက်သို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီတွင် ရန်ကုန်-မန္တလေး လမ်းမကြီးအနီး ပဲခူး ဒီဂရီကောလိပ် လမ်းတစ်ဖက်ရှိတမ္ဘလောဟာ မဟာမုနိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးစံပယ်တော်မူမည့်ပရိဝုဏ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒစရိယ ပဲခူးမြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိသုဒ္ဓ ထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပဲခူးမြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြည့်ရှုကြည့်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ တမ္ဘလောဟာ မဟာမုနိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရွှေမျက်နှာတော် သွန်းလောင်းပြီးစီးမှုကို ကြည့်ရှုကြည့်ညိုစဉ်။
(သတင်းစဉ်)

ဘဒ္ဒန္တဝိသုဒ္ဓက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တမ္ဘလောဟာ မဟာမုနိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ရွှေမျက်နှာတော်သွန်းလောင်း ပြီးစီးမှု၊ ကိုယ်လုံးတော် သွန်းလောင်း ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တမ္ဘလောဟာ မဟာမုနိ ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော် အမြင့် ၃၇ပေရှိပြီး စုစုပေါင်း ကြေးအလေးချိန် ၃၄ ဒသမ ၂၅ တန်ရှိကြောင်း သိရသည်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဓမ္မာလင်္ကာရကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိသုဒ္ဓထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိတ်ခရိုင် ပြန်/ ဆက်ရုံး စစ်ဆေး သွက်လက်ထက်မြက်သည့် မီဒီယာလုပ်ငန်းများဖြစ်ရေး မှာကြား မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက်တည်ဆောက်မည့်နေရာ ကြည့်ရှု

ရန်ကုန် ဇူလိုင် ၁၄

တနင်္သာရီတိုင်း မြိတ်မြို့တွင်ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၁၂ရက် ညပိုင်းတွင် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့သွားရောက်ပြီး နံရံကပ်စာစောင်၊ ရုပ်မြင်သံကြားပြသခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် မြိတ်၊ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်တို့မှ ဒုတိယဦးစီးမှူးများက ခရိုင်နှင့် မြို့နယ်ရုံးများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကိုဖြည့်ဆည်းပေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထား၍ ကြိုးကြိုးစားစားဆောင်ရွက်ရေး၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် နေ့စဉ် စာဖတ်သူများ၊ ရုပ်မြင်သံကြားကြည့်ရှုသူများ တိုးတက်နေအောင် ဆောင်ရွက်ရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး၊ သွက်လက်ထက်မြက်သည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရေး၊ မှန်ကန်သည့် ဆောင်ရွက်ချက်များဖြင့် ဝန်ထမ်းသက်သာချောင်ချိရေး လုပ်ငန်းများဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ကိုယ်ပွားသတင်းစာတိုက်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၁၃ရက် ညနေပိုင်းတွင် မြိတ်မြို့ ကိုယ်ပွားသတင်းစာတိုက် တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန် မှာကြားသည်။
(သတင်းစဉ်)

မဟာသန္တိသုခ ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ဝါဆိုတော်မူကြမည့် သံဃာတော်များ၊ ပင့်သံဃာများ စုစုပေါင်း ၂၆ပါးတို့အား ကျောင်းတော်ကြီး၏ ဂေါပက အလုပ်အမှုဆောင်အဖွဲ့၊ ဆွမ်းကွမ်းဝေယျာဝစ္စ အမျိုးသမီးအဖွဲ့၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းကော်မတီတို့ကကြီးမှူး၍ စေတနာရှင်များက သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီခွဲတွင် ရောခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များကြွရောက် ကုသိုလ်ပါဝင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သံတံတား ရွာဦးပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက၊ သာသနာတက္ကသိုလဓမ္မာစရိယဘွဲ့(B.A.Buddhism) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တသောဘိတအား ဂုဏ်ပူဇာချီးကျူးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းတိုက်တွင်ကျင်းပသည်။

အခမ်းအနားကို အပူဇော်ခံဆရာတော်အား သီတင်းသုံးရာကျောင်းတိုက်မှ သာသနာ့အလံကိုင်များ၊ ဘွဲ့တံဆိပ် အဆောင်အယောင်များနှင့် တပည့်ဒါယကာများမှပင့်ဆောင်၍ အပူဇော်ခံစင်မြင့်သို့ရောက်သောအခါ ဩှပရိသတ်များမှ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တနန္ဒဝံသထံတော်မှ ငါးပါးသီလခံယူ ဆောက်တည်ကြခြင်း၊ အပူဇော်ခံဆရာတော်၏ ထေရုပ္ပတ္တိကို ဘဒ္ဒန္တပညာသာမိ မဟာဓမ္မာစရိယ B.A.(Bur), M.A(Eng) သင်္ဃန်းကျွန်း ဆရာတော်က ဖတ်ကြားပြီး ရတုပိုက်စုံတေးထပ်များ သီဆိုဂုဏ်ပြုကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်ကြသည်။
(၆၂)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ရောဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ရက် မွန်းလွဲ ၂နာရီတွင် ဗဟန်း ကြားတောရလမ်းရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ ရောဝတီတိုင်း အတွင်းမှ မြို့နယ်အသင်းများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ရောဝတီတိုင်း ဓမ္မာရုံ ဖုန်း-၃၇၀၅၇၉၊ ၃၈၁၃၆၀၊ ဦးစိုးဝင်း ဖုန်း-၆၃၅၆၆၅၊ ဦးစိုးဟန်လင်း ဖုန်း-၀၉၈၀၂၃၃၀၇၊ ဦးကျန်ဆောင် ဖုန်း-၃၈၁၀၄၂ နှင့် ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(က-ပ)

ပုလောမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊အသင်းသားများ၊ မြို့နယ်သူ၊မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်းပူဇော်ကြရန်နှင့် သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့်အလှူငွေများကို ဦးမောင်လှ ဥက္ကဋ္ဌ ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွန့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး အတွင်းရေးမှူး ဖုန်း-၂၂၈၀၃၃၊ ဦးသန်းဝင်း အုပ်ချုပ်ရေးမှူး ဖုန်း-၂၂၀၃၂၄နှင့်၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။
(က-ပ)

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အတွင်းရေးမှူး(၁) တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်(မြောက်ပိုင်း)ခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်ပြည်သူများက ဆက်ကပ်လှူဒါန်းသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ စာသင်တိုက်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသ အမှူးပြုသော ယင်းစာသင်တိုက်ရှိ ရဟန်းသံဃာ ရှင်သာမဏေများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးစံသင်းလှိုင်က အခမ်း အနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ ထံမှ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

မေတ္တာသုတ်ရွတ်ဆိုချီးမြှင့်

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာ ဘိဝံသ က ရေစက်ချ အနုမောဒနာ တရားချီးမြှင့်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်း ရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ သည် အင်းစိန် ရွာမပရိယတ္တိစာသင် တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော စာချ၊ စာသင် ရဟန်း သာမဏေ ၆၄၇ ပါးတို့အား ဝါဆို သင်္ကန်းများကို ဆက်ကပ်လှူဒါန်း ကြသည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား



ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် စာချ၊ စာသင် ရဟန်းသာမဏေတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

တာမွေမြို့နယ် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါ ကျောင်းတိုက်ရှိ မဟာဝိဇယ မင်္ဂလာသိမ်တော်ကြီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး သာသနာ့နွယ်ဝင် သီလရှင်များ၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ပရိတ်တရားတော်ချီးမြှင့်

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက သံဃာတော် အရှင် သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရုပ်သိမ်း

ဆက်လက်၍ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ အနုမောဒနာတရားများ နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ရက်တွင် မကွေးတိုင်း အောင်လံ မြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာ စက်ရုံ(ကျော်စွာ)သို့ ရောက်ရှိ၍ စက်ရုံ လည်ပတ်နေမှုအခြေအနေ၊ ဓာတ်မြေ သြဇာ ထုတ်လုပ်နေမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သဘာဝဓာတ်ငွေ့ လုံလောက်စွာ ရရှိ ရေး၊ လျှပ်စစ်ဓာတ်အား ပြည့်မီစွာ ရရှိရေးတို့ကို ညွှန်ကြားပေးကာ လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

အထွက်တိုးရေး

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသော ဓာတ်မြေသြဇာအထွက်တိုးရေး ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးကျော်ရှိန်နှင့် စက်ရုံမှူးတို့က စက်ရုံ၏ လက်ရှိလည်ပတ်နေမှုအခြေ အနေ၊ ဓာတ်မြေသြဇာ ထုတ်လုပ်မှု အခြေအနေ၊ ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင် ရေးအတွက် ဆောင်ရွက်နေမှုအခြေ အနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးစိုးမြင့်တို့က လိုအပ်သည် များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ရုံချောမွေ့စွာ လည်ပတ် နိုင်ရေး၊ လက်ရှိထုတ်လုပ်နေမှုမှ ထပ်မံ တိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ လျာထား ချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး တို့ကို မှာကြားကာ ဓာတ်မြေသြဇာ အထွက်တိုးရေး ရေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထုတ်လုပ်ပေး

အဆိုပါ အမှတ်(၃) ဓာတ်မြေသြဇာ စက်ရုံ(ကျော်စွာ)မှ တစ်နေ့လျှင် ဓာတ်မြေသြဇာ တန်ချိန် ၄၇၀ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မဟာဗောဓိမြိုင် ဆရာတော် ဝိဇာတမင်္ဂလာကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ကျေးဇူးတော်ရှင် ဝနဝါသီဥဒေယျ ဓမ္မသာမိမထေရ်မြတ်၏ သက်တော် (၆၂)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို ယနေ့ နံနက် ၄နာရီခွဲက ဆရာတော်ကြီး မူလတရားအားထုတ်ရာ ဒေသဖြစ် သည့် သင်္ဃန်းကျွန်းမြို့နယ် ၈/တောင် ရပ်ကွက် သာသနာ့အလင်းရောင် ဓမ္မာရုံ တွင်ကျင်းပရာ ပူဇော်ပွဲကျင်းပရေး ကော်မတီ နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာမြသွင်၊ အတွင်းရေးမှူး ဦးညိုမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် ကော်မတီဝင်များက မြတ်စွာဘုရားအမှူးထား၍ ပင့်သံဃာ တော်များကို အရဏ်ဆွမ်း ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ဆက်လက်ပြီး မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝိမလထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး ကျင်းပရေးကော်မတီဝင်များက သံဃာ တော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ သံလွင်တံတား(မော်လမြိုင်)
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၂၅ ၇။ အဆိုပြိုင်ပွဲ
- ၅:၄၀ ၈။ **အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချာန်သစ်၊ ယင်းမာ) [ဒါရိုက်တာ-စောစန္ဒာလှိုင်]**
- ၅:၅၀ ၉။ ခံစားနားဆင်တေးဓာတ်ဝင်
- ၆:၀၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ ကြေးမုံရိပ်သွင် တေးနှုယဉ်
- ၇:၂၀ ၁၄။ ယဉ်ကျေးမှုအမွေသမိုင်းသက်သေ (အနော်ရထာမင်းကြီး၏ နန်းတော်ရာတူးဖော်မှု)
- ၇:၃၀ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၆။ စပါးကရွှေ ငါးကငွေ လယ်ယာသားငါး ပြည့်စီးပွား
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၈)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၄

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်) အသင်းသူ၊ အသင်းသားများ စုပေါင်း၍ တတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် မြို့နယ်ဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကွမ်းခြံကုန်းမြို့ ကျက်သရေဆောင် မဟာတိလောက မှန်ကူသွန်း ဘုရားကြီး၌ ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၆ရက် ဩဂုတ် ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက် ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့ ပေါ်မှ ပင့်သံဃာတော် ၁၀ပါးအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပြီး သမိုင်းဝင် မဟာတိလောက မှန်ကူသွန်း ဘုရားကြီး၊ ကွမ်းခြံကုန်းပြည်သူ့ဆေးရုံ၊ ကွမ်းခြံကုန်း အထက(၁)နှင့် အထက (၂)တို့အား အလှူငွေ ပေးအပ်ကြမည် ဖြစ်ရာ ကွမ်းခြံကုန်းမြို့သို့ နေ့ချင်းပြန် ခရီး လိုက်ပါပူဇော်ကြမည့် အသင်းသူ၊ အသင်းသားများသည် ဦးစိုးညွန့် ဖုန်း-၂၉၇၃၃၇၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀၊ ဦးကျော်စိုး ဖုန်း-၀၉၅၀၀၁၄၂၆နှင့် ဒေါ်ဥ ဖုန်း-၂၈၂၃၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရ သည်။ (က-ပ)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ ဖျော်လင့်ချက်ရောင်နီ (၇)

မောင်ရင်မှိုင်း

"ချွန် တွန်း ပင့်တို့ ပျော်စံရာ"

မိုးညှင်းမြို့နယ် "အင်န်အယ်လ်ဒီ"ပါတီရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားပြီးတဲ့နောက် "အန်တီစု"ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မိုးကောင်းမြို့ကို ခရီးဆက်ခဲ့ကြပြန်တယ်။ ညနေငါးနာရီထိုးခါနီးလောက်မှာ ဟိုပင်မြို့ကို ရောက်တယ်။ မြို့မတောင်ရပ်ကွက်မှာရှိတဲ့ ဦးအင်ခွန်ဇော်မိုင် အိမ်မှာ ခဏတစ်ဖြုတ်ဝင်နားရင်း လက်ဖက်ရည် သောက်ကြတယ်။

ညနေ ငါးနာရီခွဲမှာ မိုးကောင်းကို ဆက်ထွက်လာလိုက်ကြတာ ညရှစ်နာရီခွဲလောက်မှာ မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာကိုအရောက် စိတ်အာရုံ နောက်စရာတွေနဲ့ ကြုံရပြီ။ ရွာအဝင် လမ်းထိပ်လူအင်အား ၁၀၀လောက်က "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ" ဆိုတဲ့ ဆိုင်းဘုတ်ငယ်လေးတွေ ကိုင်ပြီး "ပြည်ပအားကိုးပုဆိန်ရိုး အလိုမရှိ၊ အလိုမရှိ" လို့ အော်ဟစ် ဆန္ဒပြကြတယ်။

ပေးတာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပါတယ်။ အခု ကျွန်တော်တို့နဲ့အတူ ဒေါ်အောင်ဆန်းစုကြည် ပါလာပါတယ်။ လွတ်လွတ်လပ်လပ် စကားပြောလို့ရပါတယ်။ မပြောချင်လည်း ကြည့်လို့ရပါတယ်။ ဒါဟာဒီမိုကရေစီပါပဲ"လို့ ကြော်ငြာဖြတ်ဝင်လိုက်ပြန်တယ်။

အဲဒီမောင်မင်းကြီးသားလုပ်မှပဲ ကျွန်တော်တို့ "အန်တီစု"ခမျာ နယ်လှည့်ဇလာပွဲ ပြစားတဲ့ မင်းသမီးလိုလို ဘာလိုလို ဖြစ်သွားတော့လေရဲ့။ ကိုယ့်ပါတီခေါင်းဆောင်ကို ဘယ်အဆင့်မျိုးရောက်လို့ ရောက်သွားမှန်းတောင် မသိတဲ့ကောင်တွေ၊ နောက်တစ်ချက်က နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားတွေကို အရင့်အရင် ခေတ်တွေကလို တာဝန်ကျေ စပါးမရောင်းခိုင်းတော့ဘဲ ရောင်းချင်ရာကို လွတ်လွတ်လပ်လပ် ရောင်းချခွင့်ပြုတဲ့ ကိစ္စဟာ "အန်တီစု" နဲ့ ဘာမှဆိုင်ပါဘူး။ ဒါကိုပဲ အုန်းသီးထဲက အုန်းရည်ကို တန်ခိုးရှင်တစ်ယောက်ယောက်ကပဲ လာထည့်သွားသယောင်ယောင်နဲ့ အကြောင်းရိုက် အချောင်နှိုက် လုပ်လိုက်သေးတယ်၊ ဟုတ်တော့ ဟုတ်နေပြီ။

အဲဒီမှာတင် ရွာခံလူအချို့ ကျွန်တော်တို့ ယာဉ်တန်းနားကို ဝိုင်းအုံလာပြီး ဟိုကားလိုက်ချောင်း၊ ဒီကားလိုက်ချောင်းနဲ့ လုပ်တော့တာပဲ။ တကယ်တော့ ဒါတွေဟာ စူးစမ်းသိမြင်လိုမှု သက်သက်ပါ။ ထောက်ခံမှုလို့ တစ်ထစ်ချ မှတ်ယူလို့မရပါဘူး။ လူအုံလာပြီလည်းဆိုရော ကားပေါ်မှာရှိနေကြတဲ့ ကျွန်တော်တို့အဖွဲ့ဝင်တွေက ဦးဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေလို့ အော်ပြလိုက်ပြန်တယ်။ ဝိုင်းအုံလာတဲ့ သူတွေကလည်း ယောင်တောင်ပေါင်တောင်နဲ့ လိုက်အော်ပါလေရော။

အဲဒီမြင်ကွင်းကိုကြည့်ပြီး ကျွန်တော့်စိတ်ထဲ ခံစားမိတာလေးတစ်ခုက ကြေညာပေးသံကြားလို့ နောက်ကနေ လိုက်အော်တဲ့ လူအုပ်ထဲမှာ ဒီလိုလုပ်ရပ်မျိုးဟာ တစ်ပွဲထိုး တစ်နပ်စား လှည့်ဖြားစည်းရုံးတဲ့ နိုင်ငံရေးအမြတ်ထုတ်ပွဲလို့ သိတဲ့သူ ဘယ်နှယောက်ပါသလဲ။အုပ်စုနဲ့ ဖိအားပေး လှုံ့ဆော်မှုကြောင့် အသိမဲ့ ပါဝင်မိတာပါလားလို့ ဆင်ခြင်သုံးသပ်နိုင်တဲ့သူ ဘယ်နှယောက်ပါသလဲဆိုတာတွေပါ။ နိုင်ငံရေး လုပ်တယ်ဆိုတာဟာ ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုကို အကာအကွယ်ယူပြီး ရပ်ပြရိုက်စား လုပ်တာပါလား ဆိုတဲ့ အတွေးတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

မန်ရွက်ကျေးရွာကနေ ထွက်ခွာလာပြီး နာရီဝက်ကျော်ကျော်လောက်ကြာတော့ မိုးကောင်းကိုဝင်ပြီ။ မိုးကောင်းမြို့နယ် ကိုယ်စားလှယ် ဦးထွန်းကြည်ရဲ့ နေအိမ်မှာ မြို့နယ်ပါတီရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားလုပ်ဖို့ကိစ္စ ရှိနေတယ်လေ။ အဲဒီ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ည ၁၀နာရီကျမှ လုပ်ဖြစ်ခဲ့တယ်။ တကယ်ဆိုရင် ဒီလိုအခမ်းအနားမျိုးတွေကို ညအချိန်မတော် ဘယ်သူမှ လုပ်လေ့လုပ်ထ မရှိပါဘူး။ ဆိုတော့ကာ ကျွန်တော်တို့ လုပ်ရပ်တွေကို ရှေ့ပိုင်းမှာ ဖော်ပြခဲ့တဲ့အတိုင်း မှောင်ခို ပါတီနိုင်ငံရေးလားလို့ မေးလာကြတာဟာ မေးတဲ့လူအလွန် ဟုတ်ပါဦးမလား။

အဲဒီနေ့က ကျွန်တော်တို့အဖွဲ့ မိုးကောင်းမှာ ညအိပ်ရပ်နားခဲ့ကြတယ်။ အိပ်ရာထဲရောက်တော့ မနက်ပိုင်းမိုးညှင်းက မထွက်ခွာခင် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို ပြန်စဉ်းစားမိလိုက်ပြန်တယ်။ ဖြစ်စဉ်က ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ မနက်၉နာရီဝန်းကျင်လောက်မှာ "အန်တီစု"ဆီကို မိုးညှင်းမြို့နယ် ကိုယ်စားလှယ် ဦးကျော်မောင် ရောက်လာတယ်။

"အန်တီစု"က အဲဒီဦးကျော်မောင်ကို အချိန်မပေးဘဲ ဦးတင်ဝယ် အိမ်မှာလုပ်မယ့် ရုံးဖွင့်ပွဲ (ဆိုင်းဘုတ်တင်ပွဲ)ပြီးမှ ဦးတင်ဝယ်ရဲ့အိမ်ကို လာရောက် တွေ့ဆုံဖို့ ချိန်းဆိုလိုက်တယ်။ "အန်တီစု"နဲ့ ကျွန်တော်တို့အဖွဲ့ ရုံးဖွင့်ပွဲလုပ်ဖို့ ဦးတင်ဝယ်အိမ်ကို ရောက်ပြီး မကြာခင်မှာပဲ ဦးကျော်မောင်က "အန်တီစု" ချိန်းဆိုထားတဲ့အတိုင်း ဦးတင်ဝယ်အိမ်ကို ပေါက်ချလာတယ်။ အဲဒီအချိန်မှာ အခမ်းအနား မစဖြစ်သေးဘူး။

ဒါပေမယ့်

ဦးကျော်မောင်တစ်ယောက် အိမ်ထဲကို ဝင်ခွင့်မရ ဖြစ်နေတယ်။ အခမ်းအနား လုံခြုံရေး လုပ်နေတဲ့ ဗဟိုလူငယ်အဖွဲ့ဝင် ထွန်းဇော်ဇော်က ရုံးဖွင့်ပွဲအခမ်းအနားတက်ရောက်ဖို့ ဖိတ်ကြားထားတဲ့ လူစာရင်းထဲမှာ ဦးကျော်မောင် မပါတဲ့အတွက် ဝင်ခွင့်မပြုနိုင်ဘူးဆိုပြီး တားမြစ်ထားတယ်။ ဦးကျော်မောင်ကလည်း သူလို အရွေးချယ်ခံ ကိုယ်စားလှယ် တစ်ယောက်ကို ထွန်းဇော်ဇော်လို မလောက်လေးမလောက်စား

အဲဒီမှာတင် ကျွန်တော်တို့အဖွဲ့က ဘာလုပ်သလဲဆိုတော့ ယာဉ်တန်းမှာ ပါလာတဲ့ ကားရှစ်စီးလုံးကို လမ်းပေါ်မှာ ကန့်လန့်ဖြတ်ရပ်လိုက်ပြီး ဆန္ဒပြနေတဲ့အဖွဲ့ကို ကားမီးတွေနဲ့ ဝိုင်းထိုးလိုက်ရင်း ပါလာတဲ့ ကျွန်တော်တို့အဖွဲ့တွေကလည်း ဓာတ်ပုံတွေ ဗီဒီယိုတွေရိုက်ပြီး အသံကုန် ပြန်အော်ကြတယ်။ ကားမီးတွေကို ထိုးပြီး နှစ်ဖက်အုပ်စု အပြန်အလှန် အော်ဟစ်ရှုတ်ချသံတွေကြောင့် ရွာထဲက လူအချို့ ထွက်ကြည့်ကြတယ်။

ရွာခံလူထု ထွက်ကြည့်လာတဲ့အချိန်မှာ ပါလာတဲ့ ကျွန်တော်တို့အဖွဲ့ထဲက လူငယ်သုံးလေးယောက်က ရွာခံလူထုကို ကျွန်တော်တို့ဘက်ကနေ ဝိုင်းအော်ပေးဖို့ သိမ်းသွင်းစည်းရုံးခဲ့ပေမယ့်လည်း တစ်ယောက်မှ လိုက်မအော်ခဲ့ပါဘူး။ အဲဒီမှာတင် နောက်ထပ်လူငယ်အဖွဲ့ဝင်တစ်ဦးက "တောင်သူလယ်သမားတွေရဲ့စပါးတွေ နိုင်ငံတော်ကို မပေးသွင်းရအောင် ဆောင်ရွက်

ဒေါ်စုကြည်နှင့်အဖွဲ့ခရီးစဉ် တစ်လျှောက် ခရီးဦးကြိုခဲ့သော ပါတီဝင် ရှိခဲ့သည့်နည်းတူ ပြည်သူ့သဘောထား ဆိုင်းဘုတ်ကို ကိုင်စွဲ၍ နေ့၊ ည အချိန်နေရာ ဒေသမရွေး ဆန့်ကျင် ကန့်ကွက်သော ဒေသခံ ပြည်သူများလည်း ရှိနေသည်။ (၁၂-၅-၂၀၀၃ ရက်နေ့ မိုးကောင်း မြို့နယ်၊ မန်ရွက်ကျေးရွာ။)

ပြည်သူ့ သဘောထား ဆိုင်းဘုတ် ကိုင်ဆောင်၍ တည်ငြိမ်စွာ ဆန္ဒပြနေသူများကို ပျင်းတောင် ပျင်းသေးတယ်ဟု အော်ဟစ်ခုန်ပေါက်၍ ရန်စနေသောအင်န်အယ်လ်ဒီပါတီဝင် အချို့ကို ဤသို့တွေ့ရသည်။ (၁၂-၅-၂၀၀၃ ရက်နေ့ မိုးကောင်း မြို့နယ်၊ မန်ရွက်ကျေးရွာ။)

ကျွန်တော
ကြားလို့ နေ
မျိုးဟာ တ
အမြတ်ထုတ်
ဖိအားပေး
ဆင်ခြင်သုံး
နိုင်ငံရေးလုပ်
ကို အကာအ
အတွေးတစ်

ကောင်က ဒီလိုဟန့်တာ
အတင်းတိုးဝင်တာပေါ့
ရန်းလားတွေဖြစ်ပြီ။
သူရှေ့မှာ ဖြစ်နေကြတ

နောက်တော့"အန်
အပြီးမှာ ဦးကျော်မောင်
တွေ့ဆုံခဲ့ပါတယ်။ အဲ
သူဟာ လွှတ်တော်ကိုယ
အကြောင်း၊ ဒါကို ဒ
လုပ်ဖူးတဲ့ ထွန်းဇော်
လယ်မှာ သိက္ခာကျ အရ
သူ့အနေနဲ့ လုံးဝ မ
"အန်တီစု"အနေနဲ့ မှတ်
တိုင်တော့တာပဲ။ "အန်
အနေနဲ့ "အင်း... လုပ်
တယ်။

အဲဒီနောက် "ဘ
ကျွန်မတို့ လွှတ်
ဖွဲ့စည်းစဉ်အခါတုန်းက
အနေနဲ့ ကိုယ်စားပြု
အာဏာ (Mandate)
တစ်ဆင့် ရှင့်ကို အ
ဒါပေမယ့် အဲဒီကိစ္စကို
တယ်။ အဲဒါကြောင့် ရှ
ဆိုင်တဲ့ လုပ်ပိုင်ခွင့်တွေ
ဘာညာပေါ့။

ကျွန်တော့်စိတ်ထဲ ခံစားမိတာလေးတစ်ခုက ငြသံပေးသံကြားလို့ နောက်ကနေ လိုက်အော်တဲ့ လူအုပ်ထဲမှာ ဒီလိုလုပ်ရပ်မျိုးဟာ တစ်ပွဲထိုး တစ်နပ်စား လှည့်ဖြားစည်းရုံးတဲ့ နိုင်ငံရေးအမြတ်ထုတ်ပွဲလို့ သိတဲ့သူ ဘယ်နှယောက်ပါသလဲ။ အုပ်စုနဲ့ဖိအားပေး လှုံ့ဆော်မှုကြောင့် အသိမဲ့ ပါဝင်မိတာပါလားလို့ ဆင်ခြင်သုံးသပ်နိုင်တဲ့သူ ဘယ် နှယောက်ပါသလဲဆိုတာတွေပါ။ နိုင်ငံရေးလုပ်တယ်ဆိုတာဟာ ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုကို အကာအကွယ်ယူပြီး ရုပ်ပြ ရိုက်စားလုပ်တာပါလားဆိုတဲ့ အတွေးတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

အောင်ဂါထာ

မိုးညှင်း မြို့နယ် ဆိုင်းဘုတ် ဖွင့်ပွဲတွင် ဦးတင်ဦး အောင်ဂါထာ ရွတ်ဖတ်နေပုံ။

ပရိသတ်

မိုးညှင်း အင်န်အယ်လ်ဒီ ဆိုင်းဘုတ်တင်ပွဲသို့လာရောက် ကြည့်ရှုသောပရိသတ်။

ကောင်က ဒီလိုဟန့်တားလို့ရစကောင်းလားဆိုပြီး အတင်းတိုးဝင်တာပေါ့။ အဲဒီမှာတင် ဆွဲလားရန်းလားတွေဖြစ်ပြီ။ အချင်းချင်းတွေ လူရှေ့သူရှေ့မှာ ဖြစ်နေကြတာလေ။

နောက်တော့“အန်တီစု”က အခမ်းအနားအပြီးမှာ ဦးကျော်မောင်ကို ဦးဖေစိန်အိမ်ကိုခေါ်ပြီး တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ ဦးကျော်မောင်က သူဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့အကြောင်း၊ ဒါကို ဒရဝမ်အဆင့်လောက်သာ လုပ်ဖူးတဲ့ ထွန်းဇော်ဇော်လိုငတိက သူ့ကို လူပုံလယ်မှာ သိက္ခာကျ အရှက်ရအောင်လုပ်ကြောင်း၊ သူ့အနေနဲ့ လုံးဝ မကျေနပ်နိုင်တဲ့အကြောင်း “အန်တီစု”အနေနဲ့ မှတ်တမ်းတင်အရေးယူပါလို့ တိုင်တော့တာပဲ။ “အန်တီစု”က စကားဖြတ်တဲ့အနေနဲ့ “အင်း... လုပ်ပေးမယ်”လို့ ပြန်ပြောခဲ့တယ်။

အဲဒီနောက် “ဘယ်လိုလဲ ဦးကျော်မောင် ကျွန်မတို့ လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းစဉ်အခါတုန်းက ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ်စားပြုကော်မတီကို လုပ်ပိုင်ခွင့်အာဏာ (Mandate) လွှဲပေးဖို့ ဦးဖေစိန်ကနေ တစ်ဆင့် ရှင့်ကို အကြောင်းကြားခဲ့တယ်နော်။ ဒါပေမယ့် အဲဒီကိစ္စကို ရှင့်အနေနဲ့ပျက်ကွက်ခဲ့တယ်။ အဲဒါကြောင့် ရှင့်ကိုပါတီကနေ ပါတီနဲ့ဆိုင်တဲ့ လုပ်ပိုင်ခွင့်တွေ ရုပ်သိမ်းခဲ့တာရှင်းရဲ့လား” ဘာညာပေါ့။

ဦးကျော်မောင်ကလည်း သူ့အခက်အခဲအကျပ်အတည်းတွေကို ပြန်ပြောလာတယ်။ ဦးဖေစိန်ကနေ တစ်ဆင့်ပေးတယ်ဆိုတဲ့အကြောင်းကြားစာကိုလည်း သူ မရတဲ့အကြောင်း၊သူ့အနေနဲ့ ပါတီတာဝန်တွေကို ရဲရဲတင်းတင်း ကြံ့ကြံ့ခံလုပ်ဆောင်တဲ့အတွက် ထိန်းသိမ်းခံရတဲ့ကိစ္စကို ထောက်ထားသင့်တဲ့အကြောင်း၊ အရေးကြီးတဲ့တာဝန်ကို ပေါ့ပေါ့ဆဆလုပ်ပြီး ပါတီဗဟိုက အကြောင်းကြားစာကို သူ့လက်ထဲ အရောက်မပို့တဲ့ ဦးဖေစိန်ကိုလည်း အရေးယူပေးဖို့တွေနဲ့ စုံနေတာပဲ။

ဒါ့အပြင် အခုပါတီရုံးလုပ်ထားတဲ့ အိမ်ပိုင်ရှင် ဦးတင်ဝယ် ဆိုတာကလည်း မိန်းမတွေ မှီလိုပေါက်အောင် ယူထားတဲ့သူဖြစ်တဲ့အတွက် သူ့အိမ်မှာ ဆိုင်းဘုတ်တင်ထားရင် ပါတီသိက္ခာကျစရာဖြစ်နေတဲ့အကြောင်း၊ အဲဒါကြောင့် ပါတီရုံးနဲ့ ပါတီဆိုင်းဘုတ်ကို ဦးတင်ဝယ် အိမ်မှာ မထားဘဲ တခြားတစ်နေရာရာကို ရွှေ့ပြောင်းသင့်တဲ့အကြောင်းတွေလည်း အကြံပြုတင်ပြသွားသေးတယ်။

ဦးကျော်မော်ရဲ့တင်ပြချက်တွေ၊ သဘောထားတွေအပေါ် “အန်တီစု”ရဲ့ တုံ့ပြန်ချက်ကတော့ ဦးကျော်မောင်ကို အတ္တကြီးမားတဲ့သူ၊ နေရာယူလိုတဲ့သူ၊ စည်းလုံးညီညွတ်မှုမရှိတဲ့သူ ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ခေါင်းမဖော်နိုင်အောင် ပစ်ပေါက်ထုတ်လိုက်ပြီး ပါတီတာဝန်ပြန်ပေးဖို့ “စီအီးစီ” အဖွဲ့နဲ့ ညှိနှိုင်းပြီးမှ အကြောင်းပြန်မယ်လို့စီရင်ချက်ချလိုက်ပါတယ်။ ဦးကျော်မောင်တစ်ယောက် ဒီပွဲမှာ အလဲထိုးခံရတဲ့အပြင် ဖနောင့်နဲ့ပါ အပေါက်ခံလိုက်ရတာ။

အဲဒီအဖြစ်အပျက်တွေကို ကျွန်တော်တို့နည်းတူ သိခွင့်ရခဲ့တဲ့ ထွန်းဇော်ဇော်ကတော့ “ဘယ့်နှယ်ရှိစ ...ဦးကျော်မောင်”ဆိုတဲ့ မျက်နှာပေးနဲ့ပေါ့။ ကျွန်တော့်စိတ်ထဲမှာတော့ ထွန်းဇော်ဇော်... ထွန်းဇော်ဇော်လို့ပဲ ရေရွတ်နေမိပါတော့တယ်။

ပြောမယ်ဆိုရင်တော့ ထွန်းဇော်ဇော်ဟာ မြို့မေတ္တာခံယူတဲ့ သားပါပဲ။ တစ်ရက်က ကျွန်တော်တို့ပါတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဘဘ ဦးအောင်ရွှေ ရုံးကိုလာတော့ အပေါ်ထပ်ကို တက်တဲ့ လှေကားမှာ ထွန်းဇော်ဇော်က လူအထင်ကြီးလောက်တဲ့ နိုင်ငံရေးစာအုပ်ထူထူကြီးတစ်အုပ်ကို ဖတ်နေချိန်၊ တကယ်ဆိုရင် အသက်အရွယ်အရပဲ ဖြစ်ဖြစ် မြင်ပြီဆိုတာနဲ့ မတ်တတ်ရပ်ပြီး အရိုအသေတစ်ခုခုကို အမူအရာအားဖြင့် လုပ်သင့်တာပေါ့၊ အခုတော့ ဒီကောင့်အချိုးက အဲသလို မဟုတ်ဘူး။ မမြင်သလိုလိုဘာလိုလိုနဲ့ စာဖတ် မပျက်ဘူး။ အဲဒီမှာတင် ဘဘ ဦးအောင်ရွှေက “ဖတ် ဖတ်၊ ထွန်းဇော်ဇော်မင်းက တစ်ချိန်ချိန် ဝန်ကြီးချုပ်ဖြစ်နိုင်တော့ အရေးကြီးတယ်၊ စာများများဖတ်”လို့ ရွဲ့ပြောသွားလေရဲ့။

ဘဘ ဦးအောင်ရွှေက ရွဲ့ပြောလို့ ပြောမှန်းမသိတဲ့ ထွန်းဇော်ဇော်က ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ “ဟော့ကောင်...ငါတို့ဥက္ကဋ္ဌကြီးက လူကဲခတ်တာတော့ မဆိုးဘူးကွ”တဲ့။ အဲဒီတုန်းက ကျွန်တော်တို့အချင်းချင်း ထွန်းဇော်ဇော်ကို “သေလိုက် ဝါဟစ်၊ မင်း လဲသေလိုက်”ဆိုပြီး ကျိတ်ဟားခဲ့ကြဖူးတယ်။ “ဝါဟစ်”ဆိုတာက ဒီကောင့်ကို အချင်းချင်းပေးထားတဲ့ နာမည်ပြောင်။

ထွန်းဇော်ဇော် ချွန်တွန်းပင့် အလုပ်ကောင်းလို့ လွင့်သွားတဲ့ကောင်တွေ ရှိသေးတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက အဖြစ်အပျက်လေးပါပဲ။ “အန်တီစု” ခြံဝင်းနေအိမ်အနောက်ဘက်မှာ သပြုပင်တစ်ပင်ရှိတယ်။ဟိုတုန်းက ရန်ကုန်တက္ကသိုလ် လာတက်ကြတဲ့သူတွေအချင်းချင်း ချစ်သူတွေဘဝ ရောက်ကြရင် ရန်ကုန်တက္ကသိုလ်(ပင်မ)ထဲက သစ်ပုပ်ပင်ကြီးမှာ ဓာတ်လမ်းတွေရှိခဲ့သလို “အန်တီစု”အိမ်နောက်ဖေးက သပြုပင်မှာလည်း ဓာတ်လမ်းတွေရှိခဲ့ပါတယ်။

မနှစ်က မိုးတွင်းကြီးမှာပေါ့။ ထွန်းလင်းကျော်ဆိုတဲ့ကောင်က သပြုပင်အောက်မှာ မသက်ာဖွယ်ရာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ တွေ့တာကြောင့် သွား ချောင်းကြည့်လိုက်တော့ မသင်္ကာဖွယ်ရာကနေ ကြင်နာဖွယ်ရာတွေကို တွေ့သွားတယ်လေ။ ဒါမျိုးလေးကလည်း တစ်ယောက်တည်း ချောင်းတာနဲ့စာရင် အဖော်အပေါင်းလေးနဲ့ ချောင်းတာက ပိုပြီးရင်ခုန်ချင်စရာ ကောင်းတာကြောင့် ထွန်းလင်းကျော်က မင်းလွင်တို့၊ အောင်ထူးတို့၊ သက်ထွန်းတို့ကိုပါ လက်တို့အသိပေးပြီး အုပ်စုဖွဲ့ သွားချောင်းကြပြန်တယ်။

သပြုပင်အောက်က ကြင်နာယုယထွေးပွေ့နေတဲ့ စုံတွဲဆိုတာ တခြားသူတွေမဟုတ်ပါဘူး။ ကျိုက်ထိုမြို့နယ် အင်န်အယ်လ်ဒီပါတီ မြို့နယ်အတွင်းရေးမှူး ရာထူးယူထားပြီး “အန်တီစု” ခြံဝင်းထဲမှာ ဒရိုင်ဘာ လာလုပ်စားနေတဲ့ ညွန့်ရွှေနဲ့ “အန်တီစု”ရဲ့ အိမ်က အိမ်ဖော်ကလေးမလေးတို့ အတွဲ။ သွားချောင်းတဲ့ ကျေးဇူးရှင်များကလည်း ဒီကိစ္စမျိုးကို ဘယ်ရေငုံနှုတ်ပိတ်နေပါ့မလဲ။ ထုံးစံအတိုင်း တိုးတိုးတိုးတိုးနဲ့ “ဖွ” ကြတာပေါ့။ အဲဒီမှာတင် အမြင်အာရုံမကောင်းပေမယ့် အကြားအာရုံကောင်းတဲ့ ထွန်းဇော်ဇော် ကြားသွားခဲ့တယ်။ သိပ်မကြာပါဘူး။ အဲဒီကိစ္စ“အန်တီစု” ရွှေနားတော် ပေါက်ကြားပါလေရော။

အဲဒီကိစ္စတွေ ပေါ်ပေါက်ပြီး သုံးလကျော်လေးလလောက်ရောက်တော့ ညွန့်ရွှေ မြွေခြောက်ကိုက်ခံရပြီ။ “အန်တီစု” က ညွန့်ရွှေကိုခေါ်ပြီး ခြံထဲမှာခုနစ်နှစ်ကျော် လက်တွဲလုပ်ကိုင်လာခဲ့တဲ့ လူတစ်ယောက်ကို အခုလိုပြောရတာ စိတ်မကောင်းတဲ့အကြောင်း၊ ညွန့်ရွှေရဲ့ နိုင်ငံရေးစိတ်ဓာတ်ကိုလည်း လေးစားတဲ့အကြောင်း၊ ဒါပေမယ့်လို့ ညွန့်ရွှေမှာ မိန်းမကိစ္စနဲ့ပတ်သက်လို့ အားနည်းချက်တွေ ရှိနေတဲ့အကြောင်း၊ အဲဒီကိစ္စကို သူ့အနေနဲ့ ပါတီစည်းကမ်း အရ အရေးမယူလို့ မရတော့ကြောင်းပြောပြီး ခြံထဲမှာ အဝင်အထွက် အနေအထိုင် မလုပ်ဖို့ ပိတ်ပင်လိုက်တယ်။

တခြားကောင်တွေရဲ့အပြောကတော့ ညွန့်ရွှေ အထုတ်ခံရတဲ့ကိစ္စမှာ ထွန်းဇော်ဇော်ရဲ့ ပယောဂ မကင်းဘူးတဲ့။ ရခိုင်ပြည်နယ် ခရီးစဉ်တုန်းက တစ်နေရာမှာ ညွန့်ရွှေက သူမောင်းတဲ့ကား နောက်ဆုတ်ရင်း မှုန်ဝါးဝါးဖြစ်နေတဲ့ ထွန်းဇော်ဇော်ကို တိုက်မိမလိုဖြစ်ခဲ့တယ်။ဒါကို ထွန်းဇော်ဇော်က ညွန့်ရွှေအနေနဲ့သူ့ကိုအသေသတ်ဖို့အထိ ကြံစည်နေတဲ့အကြောင်း “အန်တီစု”ကို တိုင်ကြားခဲ့တယ်တဲ့။

အင်း...ငါလည်း ဘယ်နေ့ဘာစွဲချက်တွေနဲ့ ခြံထဲကနေ ကန်ထုတ်ခံရမလဲဆိုတဲ့ အတွေးတစ်ခု အဲဒီတုန်းက ဝင်ခဲ့ဖူးသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခြံထဲမှာနေကြတဲ့ ကျွန်တော်တို့ ဗဟိုလူငယ်အဖွဲ့ဝင်တွေအနေနဲ့က နိုင်ငံရေးအရ ဘာအလုပ်မှ မည်မည်ရရမရှိဘဲ “အန်တီစု” ရဲ့ မျက်နှာသာပေးခံရမှုအတွက်ပဲ အဓိကဖြစ်နေတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် သူ့ထက်ငါ အလုအယက် ချွန်တွန်းပင့်လုပ်နိုင်တဲ့သူက နှာတစ်ဖျားသာသာသွားတာကိုး။မှန်သည် ဖြစ်စေ မှားသည် ဖြစ်စေ အရင်တိုင်တဲ့သူက တရားလိုပဲ။ ကျွန်တော်တို့ အဖြစ်က အဲသလိုမျိုး။

(ဆက်လက်ဖော်ပြပါမည်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးမြို့ နောင်တော်ကြီးမြသာလျောင်း ဗုဒ္ဓရုပ်ပွားတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်အကျိုး



*** အတွင်းရေးမှူး(၁)မှ**

ယင်းမှ ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုတို့လိုက်ပါလျက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ပဲခူးမြို့ နန်းတော်ရာကုန်းရပ်ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)အား ရှင်းလင်းဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာဝင်း စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် မြေယာရှုခင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ကမ္ဘောဇသာဒီ နန်းတော်ရာအတွင်း အသစ်တည်ဆောက်မည့် ရှေးဟောင်းသုတေသန ပြတိုက်တွင် ထားရှိမည့် ရုပ်လုံးရုပ်ကြွများ၊ ပန်းချီ၊ ပန်းပုများ ရေးဆွဲထုလုပ်ပြသသွားမည့် အစီအစဉ်နှင့် ဘုရင့်နောင်မင်းတရားကြီးလက်ထက် ထွက်တော်မူခန်းပါ မြင်း ၁၆ ကောင်က မင်္ဂလာရထား ရုပ်လုံးရုပ်ကြွ ထုလုပ်ပြသသွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးပြီး ကမ္ဘောဇသာဒီ နန်းတော်ရာဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ပြီးစီးမှု၊ ကမ္ဘောဇသာဒီ ရေကန်တော် တူးဖော်ပြီးစီးမှုတို့ကို လည်းကောင်း၊ ကမ္ဘောဇသာဒီ နန်းတော်ရှိ ယာဝင်းဆောင်၊ စမုတ်ဆောင်၊ ဝဲဝင်းဆောင်နှင့် မြေနန်းပြာသာဒ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ မဇင်းရပ်ကွက် တိဿလမ်းရှိ နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်တည်ထားရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၁)အား ရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်နှင့် အင်ဂျင်နီယာ ဦးထွန်းရွှေတို့က နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ အမာခံ တည်ဆောက်ရေးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာမှုပညာရှင် ဦးအုန်းတင်က မြန်မာမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းရရှိမှု၊ အမာခံလုပ်ငန်းနှင့် မြန်မာမှုလုပ်ငန်း ဖဝရာခိုင်နှုန်းပြီးစီးမှုအခြေအနေ၊ အလှူငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သပ္ပာယ်စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တာဝန်ရှိသူအားလုံး ညှိနှိုင်းဆောင်ရွက်ကြရေး မှာကြားပြီး နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး ပြီးစီးမှုအခြေအနေနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ် ပရိဝုဏ် အရှေ့ဘက်ထောင့်၌ ပေါက်ရောက်လျက်ရှိသည့် ဗောဓိပင်ပျိုကို သွားရောက်ကြည့်ရှုသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးဒီဂရီကောလိပ်သို့ ညနေ ၃နာရီတွင် ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးသိန်းဝင်း၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြနှင့် သရုပ်ပြများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စည်းဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပဲခူးဒီဂရီကောလိပ်နှင့် စပ်လျဉ်းသည့် သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီမံကိန်းချမှတ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာအဆင့်အထိ အရှေ့တောင်အာရှ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ နောက်တစ်ဆင့် နိုင်ငံတကာ အဆင့်မီ ပညာရည်မြင့်မားရေးတို့အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း အားလုံးတို့တွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ အဆင့်များအားလုံး ကွာဟမှုမရှိစေရန် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေသည့် Infom-ation Technology ပညာရပ်များကို အခြေခံပညာအဆင့်မှပင် စတင်သင်ကြားပေးလျက်ရှိကြောင်း။

ထူထောင်ဖွင့်လှစ်

အဆင့်မြင့်ပညာ ကဏ္ဍနှင့်ပတ်သက်၍ ယခင်က ပြည်နယ်နှင့်တိုင်း မြို့ကြီးများတွင်သာ တက္ကသိုလ်၊ ကောလိပ်များ ရှိခဲ့ရာမှ ယခုအခါ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် နေထိုင်လျက်ရှိကြသည့် လူငယ်လူရွယ်အားလုံး အဆင့်မြင့်ပညာရပ်များကို မိမိတို့ဒေသအတွင်းမှာပင် အလွယ်တကူ သင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိအောင် ကွက်လပ်အဖြစ် ကျန်ရှိသည့် ဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိရာ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ခု သာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံတို့၌ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ ရှိပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်အလယ်ပိုင်း ကွက်လပ်အဖြစ် ကျန်ရှိနေသေးသည့် လွိုင်လင်ခရိုင် ၁၁မြို့နယ်ရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာသင်ကြားမှု ပိုမိုလွယ်ကူ အဆင်ပြေစေရန်၊ သမိုင်းဝင် ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ကချင်ပြည်နယ်

ထိုနည်းတူစွာ ကချင်ပြည်နယ်တွင်လည်း ယခင်က မြစ်ကြီးနားတက္ကသိုလ်သာရှိခဲ့ရာမှ ဗန်းမော်ဒေသရှိ လူငယ်လူရွယ်များ မိမိနေရပ်အနီးတွင် အဆင်ပြေစွာ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးအတွက်ကိုလည်း ဗန်းမော်ဒီဂရီကောလိပ်ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထပ်မံ၍လည်း မိုးညှင်းဒေသရှိ လူငယ် လူရွယ်များအတွက်ကိုပါ မိုးညှင်းဒီဂရီကောလိပ်ကို တည်ဆောက်လျက်ရှိပြီး မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မှာ ဖြစ်ကြောင်း။

ထိုနည်းတူ မြန်မာနိုင်ငံတောင်ပိုင်းတွင် ထားဝယ်တက္ကသိုလ် ရှိပြီးဖြစ်သော်လည်း သွားလာမှုခက်ခဲသည့် တနင်္သာရီတိုင်းအတွင်း မြိတ်၊ ကော့သောင်း၊ ဘုတ်ပြင်း စသည့်ဒေသနေ လူငယ်လူရွယ်များ သွားလာရေး လွယ်ကူစေပြီး အဆင့်မြင့်ပညာသင်ကြားမှု အဆင်ပြေစေရန် မြိတ်တက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဧရာဝတီတိုင်းတွင်လည်း ပုသိမ်တက္ကသိုလ်သာ ရှိနေရာမှ ဟင်္သာတတက္ကသိုလ်ကို ထပ်မံတည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ပြင် ပင်လယ်ပိုင်းဒေသဖြစ်သည့်ဒေးဒရဲ၊ကျိုက်လတ်၊ ဘိုကလေး၊ ဖျာပုံဒေသများရှိ လူငယ်လူရွယ်များအတွက်လည်း မအူပင်တက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်များကို အသစ်ထပ်မံ တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးမှုကွက်လပ် ကျန်မနေရအောင် ပြည်နယ်နှင့်တိုင်း အားလုံးတွင် မျှမျှတတ ဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် နည်းပညာကောလိပ်များ၊ ဆေးရုံကြီးများ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးပါ ကောင်းမွန်လာအောင် လမ်း/တံတားများကို ငွေကြေးအကုန်အကျ များစွာဖြင့် တည်ဆောက်ပေးခဲ့ကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးဒီဂရီကောလိပ်တွင် ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

*** ခြောက်တိုင်းလည်း မကြောက်နဲ့**

❀ မြိတ်မြို့ပေါ်မှ
ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ သာသနာ့နွယ်ဝင် သီလရှင်များ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ကန်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

ထို့နောက် ဗိုလ်တောင်တောရကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဒဿနာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုကြသည်။

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် မြိတ်မြို့ စန္ဒဝတီကျေးရွာအနီး စန္ဒဝတီကုန်းတော်ပြင်၌

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ကန်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

သာသနာရေးလျှောက်ထား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဝတ်စုံများလှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂)၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက သာသနာ့နွယ်ဝင် သီလရှင်များအား သီလရှင်ဝတ်စုံများကို လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သာသနာရေးဆိုင်ရာ ကိစ္စများတွင် အသုံးပြုနိုင်ရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မတည်လှူဒါန်းငွေများကို တိုင်းမှူး ဗိုလ်ချုပ်သာအေးသို့ ပေးအပ်လှူဒါန်းသည်။

ပူဇော်ကြည်ညို

အခမ်းအနားအပြီးတွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကြပြီး ဝါဆိုလပြည့်နေ့၌ ဘုရားဖူးလာကြသည့် ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက စေတီတော်အတွက် လှူဒါန်းငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

တည်ထားလျက်ရှိသည့် မဟာသိဒ္ဓိဇယ စေတီတော်၏ ယာယီရှင်းလင်းဆောင်၌ကျင်းပသည့် စေတီတော် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်သာအေးက မဟာသိဒ္ဓိဇယစေတီတော် တည်ထားမှုနှင့် ပြီးစီးမှုအခြေအနေများ၊ အလှူငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့က ငွေကျပ် ငါးသိန်း၊ ဦးစောဂျက်က ငွေကျပ် ၁၀၈ သိန်း၊ သူဌေးကျွန်းဟိုတယ်က ငွေကျပ်သိန်း ၅၀၊ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း တနင်္သာရီလီမိတက်က ငွေကျပ်သိန်း ၅၀၊ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၊ ဦးကျော်လွင်မိုး (Lwin & Swan Co., Ltd.) ရန်ကုန်က ငွေကျပ် သိန်း၃၀၊ သီတာရေလုပ်ငန်း ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၃၀၊ ထူးထူးတိုး ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၃၀၊ မြိတ်မြို့ ဆန်ကုန်သည်များအသင်းက ငွေကျပ် ၂၅ သိန်း၊ မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅သိန်း၊ အေးရှားလ်ဝေါလ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၂၅ သိန်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်က ငွေကျပ် ၁၆၅၀၀၀၀၊ ထူးကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဦးမောင်လှ–ဒေါ်ရှုလိုင် မိသားစုရန်ကုန်မြို့က ငွေကျပ်၁၀ သိန်း၊ ကမ္ဘောဇ ဆီအုန်းကုမ္ပဏီက ငွေကျပ် သိန်း ၂၀ တို့ကို အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တည်ထားလျက်ရှိ

မဟာသိဒ္ဓိဇယ စေတီတော်ကို ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ ရွှေတိဂုံပုံတူစေတီတော်အဖြစ် တည်ထားလျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြိတ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ လှူဒါန်းပွဲနှင့် ဒုတိယအကြိမ်မြောက် မြိတ်မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ကန်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိမလအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

လယ်ယာကဏ္ဍ

၁။ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့၌ တာတမံ၉၃ခု၊ အရှည်ပေ ၆၀၀၈၄၅ကျော် တာပတ်ခဲ့သဖြင့် ရေငန်ဝင်ရောက်မှု တားဆီးနိုင်ပြီး စိုက်ပျိုးမြေဧက ၇၅၀၀ကျော် အကျိုးပြုခဲ့သည်။

၂။ ကော့သောင်းမြို့နယ်၌ သောက်သုံးရေအတွက် ယင်းဝါရေလှောင်တမံကို လည်းကောင်း၊ ထားဝယ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ရေတင်စီမံကိန်း အသေးနှစ်ခုကို လည်းကောင်း တည်ဆောက်ပေးခဲ့သည်။

၃။ အသားတင်စိုက်ပျိုးမြေ ဧရိယာဧက ၄၅၄၆၁၁ ရှိရာမှ ယခုအခါ ဧက ၆၀၄၉၆၉ အထိ တိုးချဲ့နိုင်ခဲ့သည်။

၄။ စပါးစိုက်ဧက ယခင် ၁၉၃၃၁၇ရှိခဲ့ရာမှ ယခုဧက ၂၆၆၄၇၈အထိ တိုးချဲ့စိုက်လာသည်။ ယခင်နွေစပါးစိုက်ပျိုးမှုမရှိခဲ့ရာမှ ယခု ဧက ၁၆၃၄၄အထိ တိုးတက်စိုက်ပျိုးလာသည်။

၅။ ဆီအုန်းဧက၉၉၁၀၄စိုက်ပြီးဖြစ်သည်။ ယင်းအနက် တိုင်းရင်းသား ဆီအုန်းလုပ်ငန်းရှင်များက စိုက်ထားသော ဧက ၇၆၅၆၈ ပါပြီးဖြစ်သည်။

၆။ ရော်ဘာဧက ၁၀၁၉၄၇ စိုက်ပြီးဖြစ်သည်။

သားငါးကဏ္ဍ

		ယခင်	ယခု
၁။	ငါးထုတ်လုပ်ရောင်းချမှုပိဿာပေါင်း	၁၂၂၆ ဒသမ ၁၃ သိန်း	၃၄၇၀ ဒသမ ၇၉ သိန်း
၂။	ကမ်းနီးငါးဖမ်းစက်လှေပေါင်း	၃၅၆၁ စီး	၁၁၂၀၉ စီး
၃။	ကမ်းဝေးငါးဖမ်းစက်လှေပေါင်း	၁၅၀ စီး	၄၅၀ စီး
၄။	မြိတ်စက်မှုဇုန်၌ ရေခဲစက်များ အအေးခန်းစက်ရုံများ၊ ငါးအမှုန့်ကြိတ်စက်ရုံများ ထူထောင်ပြီးဖြစ်သည်။		

✻ မြှောက်တိုင်းလည်း မမြှောက်နဲ့

တည်ဆောက်ရေးလုပ်ငန်းမှသည် စုစည်းညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့ ဦးတည်

ဓာတ်ပုံ
မှတ်တမ်း–
သွင်အေး
သောင်းဝင်းဗိုလ်
အောင်မိုး နှင့်
သတင်းစဉ်

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းခဲ့သည့်နည်းတူ နိုင်ငံတကာ အဆင့်မီလေဆိပ်များကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ အပေါ်ပုံတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း–သောင်းဝင်းဗိုလ်)

မုန်းချောင်း ရေအားလျှပ်စစ်

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေးတွင် ရေအားလျှပ်စစ်ဓာတ်အားလုပ်ငန်းသည် များစွာ ထောက်ကူပါဝင်လျက်ရှိသည်။ ယာပုံတွင် မုန်းချောင်း ရေအားလျှပ်စစ် ဖြန့်ဖြူးရေးအစီအစဉ် အရ ဖိအားမြှင့်လိုဏ်သုံးခုအနက် လိုဏ်အမှတ်(၂)တွင် သံမဏိပိုက်တပ်ဆင်နိုင်ရန် ဆောင်ရွက်နေကြစဉ်။

[ဓာတ်ပုံမှတ်တမ်း–
သွင်အေး(ကြေးမုံ)]

မန္တလေးမြို့ အမျိုးသားဇာတ်ရုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဒုတိယမြို့တော်ကို ဝင့်ထည်ခံ့ညားစေသော ယဉ်ကျေးမှုဝန်ကြီးဌာန၏ မန္တလေးမြို့ အမျိုးသားဇာတ်ရုံ အဆောက်အအုံကို ဤသို့တွေ့နိုင်သည်။

(ဓာတ်ပုံမှတ်တမ်း–
...င်းစဉ်)

ညောင်နှစ်ပင်မှ သီးနှံရုံများ

ရန်ကုန်တိုင်း ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် အထူးဇုန်တွင် ပုဂ္ဂလိကကဏ္ဍမှ ဆန်ခါရုံဖြင့် ရာသီဥတုဒဏ်ကို ခံနိုင်ရန်အတွက် ကွန်ပျူတာ ရေပေး စနစ်ဖြင့် စိုက်ပျိုးလျက်သည့် ဆန်ခါသီးနှံရုံများကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–
အောင်မိုး–ကြေးမုံ)

သွေးချင်းညီနောင်တို့ ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ပြည်ထောင်စုလမ်းမကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်-မန္တလေးလမ်းမကြီးသည် တစ်နိုင်ငံလုံးနှင့် ကွန်ရက်သဖွယ် ဆက်နွယ်နေသော ပြည်ထောင်စု လမ်းမကြီးတစ်ခု ဖြစ်ပေသည်။ ထိုလမ်းမကြီးပေါ်၌ မော်တော်ယာဉ်များ ရာသီမရွေးသွားလာနိုင်ပြီး ရန်ကုန်နှင့် မန္တလေးကို မော်တော်ကားဖြင့် ၁၀ နာရီနှင့် ခရီးပေါက်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား တာဝန်ခွဲဝေပေးအပ် ဆောင်ရွက်စေလျက် ရှိသည်။

အဆင့်သုံးဆင့်

ပဲခူး-ညောင်လေးပင် ၄၈ မိုင်အပိုင်းကို ရွှေသံလွင် ကုမ္ပဏီက တာဝန်ယူ၍ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့မှစ၍ ပန်နီထရေးရှင်းစနစ်ဖြင့် စီမံကိန်းလုပ်ငန်းများကို အဆင့်သုံးဆင့်ခွဲ ဆောင်ရွက်လျက် ရှိနေသည်။ ၄၈ မိုင်အတွင်း မြို့ရှောင်လမ်းများအဖြစ် ပဲခူးမြို့ရှောင်လမ်း၊ ပြွန်တန်ဆာမြို့ရှောင်လမ်းနှင့် ညောင်လေးပင် မြို့ရှောင်လမ်းတို့ကို အသစ် ဖောက်လုပ်ခဲ့သည်ဟုသိရသည်။

ထို့အတူ ညောင်လေးပင်-ဇေယျဝတီအပိုင်း ၄၈ မိုင်ကို အိုလံပစ်ကုမ္ပဏီလီမိတက်၏ အဖွဲ့ဝင်ကုမ္ပဏီ ဖြစ်သော Hi Star Public ကုမ္ပဏီလီမိတက်သည် ဖြူးတွင် ပင်မစခန်းကြီးအဖြစ် ဖွင့်လှစ်ထားရှိပြီး Soil Cementi Granvlar နည်းနှင့် Renolith နည်းကို အသုံးပြု၍ ဖောက်လုပ်လျက်ရှိနေသည်။

ထို့အတူ ဇေယျဝတီ-ရေတာရှည်အပိုင်းကို ကမ္ဘောဇ ပါတ်သ်ဖိုင်ဒါကုမ္ပဏီ၊ ရေတာရှည်-ပျဉ်းမနားအပိုင်းကို ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီတို့က တာဝန်ယူ၍လမ်းဟောင်း ပြုပြင်ခြင်း၊ ဒွေးလမ်း အသစ်ဖောက်ခြင်းနှင့် တံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေသည်။

မန္တလေး-မိတ္ထီလာလမ်းပိုင်း

မန္တလေး-မိတ္ထီလာ ၈၃ မိုင် လမ်းပိုင်းကို ဟုန်ပန်း ကုမ္ပဏီက ဤသို့စက်ကိရိယာကြီးများ ၉၀ ရာခိုင်နှုန်းအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။
(ဓာတ်ပုံ-ခရမ်းစိုးမြင့်)

ပျဉ်းမနား-တပ်ကုန်း-ရမည်းသင်းအပိုင်း ၄၈ မိုင်တွင် အေးရှားဝေါလ်ကုမ္ပဏီသည် စီမံကိန်းလုပ်ငန်းကို နှစ်ဆင့်ခွဲ၍ ပထမမြေသားသုံးလမ်း၊ ကတ္တရာလမ်း နှစ်လမ်း ဖောက်လုပ်ခင်းခဲ့ပြီး တံတားပေါင်း ၂၂၅ စင်းကိုလည်း တည်ဆောက်ခဲ့သည်ဟု သိရသည်။ ပျဉ်းမနားမြို့ရှောင်လမ်း သုံးမိုင် သုံးဖာလုံနှင့် တပ်ကုန်းမြို့ရှောင်လမ်း သုံးမိုင်နှင့် လေးဖာလုံကို အသစ်ဖောက်လုပ်ခဲ့သည်။ ထိုသို့မြို့ရှောင်လမ်းများ အသစ်ဖောက်လုပ်ခဲ့သော်လည်း မြို့တွင်းလမ်းများကိုလည်း အဆင့်မြှင့် မွမ်းမံပေးခဲ့သည်ဟု သိရသည်။

တံတားများတည်ဆောက်

ထို့အတူ ယုဇနဟိုက်ဝေးကုမ္ပဏီသည် ရမည်းသင်း-ပျော်ဘွယ်-မိတ္ထီလာလမ်းပိုင်း ၄၈ မိုင်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှစ၍ တာဝန်ယူ ဖောက်လုပ်ခဲ့ရာ ပထမ ၄၈ မိုင်ကို မြေသားလမ်းအကျယ်ပေ ၅၀ ထိ တိုးချဲ့ပြီး မြေသားလမ်းပေါ်တွင် ကတ္တရာလမ်း ၂၄ ပေ ခင်းခြင်းနှင့် ဒုတိယအဆင့် မြေသားလမ်းအကျယ် ၇၂ ပေ ချဲ့ပြီး ထိုမြေသားလမ်းပေါ်၌ ကတ္တရာလမ်း ၄၈ ပေ ခင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိနေသည်။ ၎င်းအပြင် ဒွေးလမ်းဖောက်လုပ်

ပျဉ်းမနား-တပ်ကုန်း-ရမည်းသင်း ၄၈မိုင်အပိုင်း တိုးချဲ့ဖောက်လုပ်

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပျဉ်းမနား-တပ်ကုန်း-ရမည်းသင်း ၄၈ မိုင် အပိုင်းကို အေးရှားဝေါလ်ကုမ္ပဏီက စက်ကြီးများဖြင့် မြေဖို့လမ်းချဲ့ ဆောင်ရွက်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-ခရမ်းစိုးမြင့်)

ခြင်းနှင့် ၄၈ မိုင်အတွင်း တံတားပေါင်း ၁၇၃ စင်း ပါရှိရာ ထိုတံတားများကိုလည်း တည်ဆောက်လျက်ရှိနေသည်။

ထို့အပြင် မြို့ရှောင်လမ်းများကိုလည်း အသစ်ဖောက်လုပ်ခဲ့သလို နှစ်ပေါင်းများစွာက တည်ရှိနေခဲ့သော ဖွက်အိုင်ကြီးများကိုလည်း ခက်ခဲစွာမြေဖို့ကျော်လွှား ဖောက်လုပ်ခဲ့ပြီး ယခုအခါ ဝန်ထမ်းအင်အား နေ့စား၊ ပုတ်ပြတ် အပါအဝင် ၁၀၀၀ ကျော်ဖြင့် နေ့၊ ည ဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။

မောင်းနှင်ခွင့်ပြု

မိတ္ထီလာ-မန္တလေး ၈၃ မိုင် ၅ ဖာလုံကို ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီသည် Granular Methotd နည်းဖြင့် ခင်းလျက်ရှိသည်။ ယခုအခါ ခြောက်လမ်းသွား လမ်းသစ်ကြီး မန္တလေး-ကျောက်ဆည်အပိုင်းမှာ ပြီးစီးပြီဖြစ်၍ ကားများ မောင်းနှင်ခွင့်ပြုလိုက်ပြီဟု သိရသည်။

၎င်းအပြင် မြို့ရှောင်လမ်းများနှင့် မန္တလေးမှ မိတ္ထီလာအထိ တံတားပေါင်း ၃၆၃စင်းကိုလည်း အသစ်တည်ဆောက်ခဲ့သည်ဟု သိရသည်။ အဆိုပါ ကုမ္ပဏီသည် လမ်းသစ် ခြောက်လမ်းသွားကိုဦးစားပေးဖောက်လုပ်လျက်ရှိရာ အဆိုပါ လမ်းများ နိုင်လွန်ကတ္တရာခင်းပြီးပါက လမ်းပေါ်၌ မော်တော်ကားများ တစ်နာရီ မိုင် ၇၀ အထိ မောင်းနှင်နိုင်ကြမည်ဟု သိရသည်။

အဆင့်မြှင့်တင်

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အဆင့်မြှင့်တင်မှုလုပ်ငန်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင် ခုနစ်ဦးတို့သည် လက်ရှိလမ်းကို အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်း၊ လမ်းသစ်အပိုင်း အူကြောင်းရှာဖွေခြင်းလုပ်ငန်း၊ မြေသားလုပ်ငန်း၊ မြို့ရှောင်လမ်းဖောက်ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းနှင့် ရေပြွန်ဖောက်လုပ်ခြင်းနှင့် ကျောက်စုခြင်း၊ ကတ္တရာစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တစ်ပြိုင်တည်းမှာပင် မူလလမ်းကို နှစ်လမ်းသွားအဖြစ် နွေနှင့်ဆောင်းရာသီတွင် ပိပြင်စွာသွားလာမောင်းနှင်နိုင်ရန်နှင့် မိုးတွင်းကာလ၌လည်း ကားလမ်းများ ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိနေသည်။

သို့ဖြစ်၍ ယခုအခါ ရန်ကုန်-မန္တလေး ၃၇၅ ဒသမ ၅ မိုင်ရှိသည့်အနက် ၂၀၀၃ ခုနှစ် မတ်လအထိ ၂၀၄ ဒသမ ၃ မိုင်ကို ကတ္တရာခင်းပြီးဖြစ်သလို တံတားစင်းပေါင်း ၁၁၀ စင်းနှင့် ရေပြွန် ၃၄၆ ခုတို့အား တည်ဆောက်ပြုပြင်ပြီးဖြစ်သည့်အပြင် ပေ ၅၀ အထက် တံတားပေါင်း ၇၅ စင်းတို့ကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းရှင်များက ခွဲဝေတည်ဆောက်လျက်ရှိနေသည်ဟုသိရသည်။ ။ **(ကြေးမုံ)**

❐ စာမျက်နှာ ၁၀ မှ

ကောလိပ်နှင့် ဒီဂရီကောလိပ်များကိုလည်း အခြေအနေပေးလာသည်နှင့် တက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ပေးမည့် အစီအမံများရှိရာ ယင်းတက္ကသိုလ်အဆင့်တွင် လိုအပ်မည့် သင်ကြားရေး၊ ဆရာ၊ ဆရာမများ မွေးမြူလေ့ကျင့်ပေးခြင်း၊ ခေတ်မီသင်ထောက်ကူပြုပစ္စည်းများ ဖြည့်တင်းပေးခြင်းများကိုလည်း တစ်ပြိုင်တည်း ဖြည့်တင်းပေးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း။

တာဝန်ရှိသူအဆင့်ဆင့်နှင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း ဒီဂရီကောလိပ်များကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သွားမည့် အစီအစဉ်များရှိနေပြီဖြစ်၍ တက္ကသိုလ်အဆင့်တွင် ရှိသင့်ရှိအပ်သည်များကို ကြိုတင်မျှော်မှန်းဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်း။

အသိအမှတ်ပြု

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့်ဆရာ၊ဆရာမများ၏ အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ပညာရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် Language Lab နှင့် Computer Training Centre တို့တွင် ခေတ်မီသင်ထောက်ကူ ကိရိယာများဖြင့် ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှဒေသ
ကလေးသူငယ်များ မျက်စိကွယ်မှုအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အစည်းအဝေး
Regional Meeting on Elimination of Avoidable Childhood Blindness in South East Asia

ကုန်သည်ကြီးများဟိုတယ် ရန်ကုန်မြို့

(၁၅-၇-၂၀၀၃ မှ ၁၈-၇-၂၀၀၃)

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့

ဝတ်စုံလှူဒါန်း

ဇူလိုင် ၁၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြိတ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ လှူဒါန်းပွဲနှင့် ဒုတိယအကြိမ်မြောက် မြိတ်မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် သာသနာ့နွယ်ဝင် သီလရှင်များအား သီလရှင်ဝတ်စုံများကို လှူဒါန်းစဉ်။(သတင်းကျော်ဖုံး)(သတင်းစဉ်)

မင်းကွန်း တိပိဋကကျောင်းတော် ကိုးထပ်ဆောင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

အမှတ် (၂၀) ဗောဓိရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဖခင် ဦးကြောင်စုံနှင့် မိခင် ဒေါ်ဆီးတို့အား အမှူးထား၍ သားသမီးမြေးမြစ်သားစုတို့က အမှတ်(၁၂) စကားဝါလမ်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်တွင် တိပိဋကဓရ ရွှေရတု၊ ငွေရတု ကိုးထပ်ကျောင်းဆောင်အတွက် အလှူငွေ ၁၀၀၀၀၀၀ နှင့် ဦးစိုးဝင်း (Golden Rays Photo)–ဒေါက်တာဒေါ်သန်းသန်းရီတို့က ဆွမ်းပဒေသာပင်၊ ပစ္စည်းလေးပါး၊ ရေ၊ မီး၊ ဆေးအစုစုတို့အတွက် အလှူငွေကျပ် ၁၂၅၀၀၀ကို ဝါဆိုလပြည့်နေ့၌ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ တိပိဋကဓရ နာယကဆရာတော်က ရေစက်ချ၍ ပင်မဥက္ကဋ္ဌကြီး ဦးအေးဖေနှင့် ဆရာကြီး ဦးအောင်သန်းတို့ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(အောက်ပုံ) (က-ပ)

အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၃ခုနှစ် အတွက်(၁၄)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ ပြိုင်ပွဲဝင်ရာတွင် Digital Camera ဖြင့် ရိုက်ကူးသောပုံများကို လက်ခံမည်မဟုတ်ပါ။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၃ခုနှစ် ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကူးသန်းရောင်းဝယ်ရေးကျောင်း သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၄

သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် အမှတ်စဉ် (၅) လက်မှတ်ရ အတွင်းရေးမှူး သင်တန်းနှင့်(၂/၂၀၀၃-၂၀၀၄)စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ရုံးလုပ်ငန်းသင်တန်းများကို ဩဂုတ် ၁ရက်၌ ဖွင့်လှစ်မည်ဖြစ်သည်။

လက်မှတ်ရအတွင်းရေးမှူးသင်တန်းသည် သင်တန်းကာလ ခြောက်လဖြစ်ပြီး ကျန်သင်တန်းများမှာ သုံးလနှင့် ၁၅ရက်ဖြစ်သည်။ စာရင်းကိုင်သင်တန်းများတွင် ကွန်ပျူတာဘာသာရပ်အဖြစ် Microsoft Excel၊ ရုံးလုပ်ငန်းသင်တန်းတွင် Microsoft Word တို့ကို သင်ကြားပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အသေးစိတ်သိလိုပါက ရန်ကုန်မြို့အတွက် အမှတ် (၁၂၃) နတ်မောက်လမ်းဗဟန်းမြို့နယ်တွင်လည်းကောင်း၊ မန္တလေးမြို့အတွက် အမှတ်(၁၆၉) ၈၃ လမ်း စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် အထက်လမ်းမကြီး ရွှေတောင်ရပ်တွင်လည်းကောင်း သက်ဆိုင်ရာ ကျောင်းအသီးသီး၌ စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဖျာပုံအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၄

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)နှင့် ဖျာပုံမိသားစုဝင်များ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် သာသနာ့ဗိမာန်(ဖျာပုံကျောင်းတိုက်) ဆရာတော်အား အမှူးထား၍ ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့နယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ကြိုတင်လှူဒါန်းလိုသူအလှူရှင်များသည် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ်(၃၀) ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၂၉၁၀၈၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ အမည်ပေါက်ပိုင်ဆိုင်သော GSM ဖုန်းအမှတ်-၀၉-၅၀-၁၇၈၃၉ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိသူများ ဖော်ပြပါလိပ်စာအတိုင်း ပေးပို့ပါရန်။ (ခြံအမှတ်-၂၁၊ မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်၊ တိုးချဲ့အိမ်ရာစီမံကိန်း၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ် (မြန်မာစာ) (ခ)ပထမနှစ် (ဥပဒေပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှလုံးလှဆရာဝန် (အပိုင်း-၁၀)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၉။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုနှစ်)(အပိုင်း-၁)
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၅)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

✻ ချော့တိုင်းလည်း မပျော့နဲ့

SAMSUNG ELECTRONICS

ဆမ်ဆောင်း ၏ မိုးရာသီ အရောင်းမြှင့်တင်ပွဲနှင့် ကံစမ်းမဲအစီအစဉ်

ဝယ် ➡ ပေါက်   ၁၅-၇-၂၀၀၃ မှ ၁၅-၈-၂၀၀၃ ထိ ရက်ပေါင်း(၃၀)သာ

☆နေ့စဉ် Samsung VCD အနည်းဆုံးတစ်လုံးပေါက်မဲပါရှိမည်။

ဝယ်ယူရရှိနိုင်မည့်နေရာ

■ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်ရှိအရောင်းကိုယ်စားလှယ်ဆိုင်များ

■ Samsung Showroom I, II, III ရန်ကုန်မြို့။ Samsung Showroom မန္တလေးမြို့။

ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက်

No.1-1, 2-chome, Minami-aoyama, Minato-ku, Tokyo, Japan တွင် တည်ရှိသော **HONDA GIKEN KOGYO KABUSHIKI KAISHA (HONDA MOTOR CO., LTD.)** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၄/၂၃၉၂/၂၀၀၀) (၄/၂၃၉၂/၂၀၀၀)တို့အရ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

VTEC

[illegible]

[illegible]

လွှဲအပ်သူ၏ကိုယ်စားလှယ်

ဦးသိန်းဆောင် B.Sc., R.L, D.B.L တရားလွှတ်တော်ရှေ့နေ
MYANMAR TRADEMARK AND PATENT LAW FIRM
E-mail: mtpip@mptmail.net.mm
ဖုန်း-၂၅၀၁၃၇   စာတိုက်သေတ္တာအမှတ်-၆၆၆
ရန်ကုန်မြို့   ရက်စွဲ ။ ၁၅-၇-၂၀၀၃

ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက်

No.1-1, 2-chome, Minami-aoyama, Minato-ku, Tokyo, Japan တွင် တည်ရှိသော **HONDA GIKEN KOGYO KABUSHIKI KAISHA (HONDA MOTOR CO., LTD.)** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၄/၁၆၆၆/၂၀၀၃)အရ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

TUFUP

[illegible]

[illegible]

လွှဲအပ်သူ၏ကိုယ်စားလှယ်

ဦးသိန်းဝင်းဦး (LL.B) တရားလွှတ်တော်ရှေ့နေ
MYANMAR TRADEMARK AND PATENT LAW FIRM
E-mail: mtpip@mptmail.net.mm
ဖုန်း-၂၅၀၁၃၇   စာတိုက်သေတ္တာအမှတ်-၆၆၆
ရန်ကုန်မြို့   ရက်စွဲ ။ ၁၅-၇-၂၀၀၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၂၇/၂၀၀၃
(၂၀၀၃ခုနှစ် ဇူလိုင်လ ၈ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အလုပ်ရုံခွဲမှူး(စီမံရေး)/ တတိယအင်ဂျင်နီယာ	စက်မှုအင်ဂျင်နီယာဘွဲ့	၁၀ နေရာ
(ခ)	အလုပ်ရုံခွဲမှူး(စီမံရေး)/ တတိယအင်ဂျင်နီယာ	လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့	၃ နေရာ
(ဂ)	အလုပ်ရုံခွဲမှူး(စီမံရေး)/ တတိယအင်ဂျင်နီယာ	အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့	၄ နေရာ
(ဃ)	အလုပ်ရုံခွဲမှူး(ထုတ်လုပ်ရေး)/ တတိယဓာတုဗေဒအရာရှိ	ဓာတုအင်ဂျင်နီယာဘွဲ့	၁၈ နေရာ

၂။ **လျှောက်ထားသူသည်–**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၅-၈-၂၀၀၃နေ့တွင် အသက်၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅-၈-၂၀၀၃နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/-ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ်၊ ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှ တစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅-၈-၂၀၀၃ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃၀-၈-၂၀၀၃နေ့နှင့် ၃၁-၈-၂၀၀၃နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၂၈-၈-၂၀၀၃နေ့မှစ၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကိုထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း/ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း/ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

MCC

ICT ခေတ်မှာ Internet ကို မသုံးတတ်ရင်မဖြစ်ဘူးနော...
......ဒါကြောင့် MCC မှ လူတိုင်းအတွက် ဒီလိုစီစဉ်ထားတယ်..

Introduction to internet course

...6 weeks ...
...2 weeks only...

mcc-it@myanmar.com.mm

ကားစီးလုံးဌားသည်
CRANE
☎ 538535, 508830, 708569, 09-508 2818

Super Car Rental
ဈေးနှုန်းချိုသာစွာဖြင့် ကားများ ငှားနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၂၄၉၃၀၁၊ ၀၉၈၀ ၂၁၈၀၁။

TOP ONE
ဗလာစာအုပ်
☎ 705230, 538103

ဝန်ထမ်းအလိုရှိသည်

၁။ **Sales & Marketing**
ဘွဲ့ရ (သို့) ဘွဲ့ကြို အမျိုးသား/ အမျိုးသမီးဝန်ထမ်း (၂)ဦးစီ အလိုရှိသည်။
(လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။)

၂။ **Service Technicians**
A.G.T.I (or) G.T.I နှင့် Diploma ရရှိထားပြီး အမျိုးသား ဝန်ထမ်း(၄)ဦး အလိုရှိသည်။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်နှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သည်။

အမှတ် – F/S°-°8 ဘုရင့်နောင်လမ်းမကြီး၊ ရွှေမာလာရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၁၅၀၅၀။

အညောင်းထိုင် အကြောတက်သူအားလုံး
ဆေးနှင့်ဗိုလ် တိုင်း
☎ 666757

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဘူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၃ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ဓာတုဗေဒ နှင့်ဇီဝဗေဒ ဘာသာ တွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင် သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင် များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ် တည်ရှိ သည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်-

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၆-၉-၂၀၀၃)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၇-၉-၂၀၀၃)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ် အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန် မကန် ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာ များနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာ များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဘူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၃ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့**တွင် စတင်ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေး ခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့်အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော် ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/ မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၂၈/၂၀၀၃ (၂၀၀၃ခုနှစ်၊ ဇူလိုင်လ ၈ ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ (ဆရာဝန်) (စီမံ-၂)	ဆေးပညာဘွဲ့	၂ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၅-၈-၂၀၀၃နေ့တွင် အသက် ၄၀နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘောအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅-၈-၂၀၀၃နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာ တင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ၃၀-၈-၂၀၀၃နေ့နှင့် ၃၁-၈-၂၀၀၃နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၈-၈-၂၀၀၃နေ့မှစ၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊နည်းဥပဒေ –၆၆ ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည် — — — **၁။ ဒေါ်ခင်ကြည်**
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးမျိုးစိုး) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာလာစိုး)
၂။ ဦးမြင့်စိုး
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ခုနှစ် တရားမကြီးမှုအမှတ်–၄၆၀တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုး၏ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ပါရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှ ကျပ် ၁၄၄၂၃၀၀/–ကို အမှတ်(၁)တရားရှုံးသို့ ပေးအပ်စေ၍ ကျန်လေလံတင်ရောင်းချရငွေများ၏ $\frac{3}{8}$ကိုတရားနိုင်က ရရှိနိုင်ရန်အတွက်၂၀၀၃ခုနှစ် ဩဂုတ်လ၂၉ရက်နေ့နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းများ တည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ကိုယ်တိုင်သော်လည်းကောင်း၊တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ပဲခူးတိုင်း ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်၊ ရန်ကုန်–ပြည် ကားလမ်းပေါ်ရှိ အမှတ်(၁၁၇) ဆန်စက်နှင့် ထိုဆန်စက်ဝင်းအတွင်းရှိ အဆောက်အအုံများနှင့် အကျိုးခံစားခွင့်များအနက်–
(က) တရားလိုလက်ရှိနေထိုင်သည့် နှစ်ထပ်တိုက်ခံအိမ်နှင့် အိမ်တည်ရှိရာ လန–၃၉ ရပြီး၊ မြေ(၀၁၁၁မ၂၀)ကော၊
ကြမ်းခင်းဈေး–ကျပ်ငွေ သိန်း(၁၀၀)
(ခ) အမှတ်(၁၁၇)၊ ဆန်စက်ဝင်း လန ၃၉ ရပြီး မြေ(၁၁၁သမ၉၂)ကောပေါ်ရှိ ဆန်စက်နှင့်တကွ စက်ရေကန်(၂)ကန်၊ ဆန်စက်နှင့်သက်ဆိုင်သော အဆောက်အအုံအရပ်ရပ်။ (၂–တရားပြိုင်လက်ရှိနေအိမ်မပါ)
ကြမ်းခင်းဈေး–ကျပ်ငွေ သိန်း ၃၀၀

၂။ ပစ္စည်းထိန်းလက်ဝယ်တွင် စာရင်းရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ။

(၁)	ငါးပုံ X ၄'	--	၃ လုံး
(၂)	ဆန်ဖြူကျောက် ၃ ½'	--	၃ လုံး
(၃)	ဘီလပ်ဇကာ(၄၅)ခန်း	--	၂ လုံး
(၄)	အင်ဂျင် ၁၄"	--	၁ လုံး
(၅)	ဘွိုင်လာ	--	၁ လုံး
(၆)	စပါးထိုးဇကာ	---	၁ လုံး
(၇)	လုံးတီးဝိုင်း	---	၂ လုံး
(၈)	ဆန်ဖြူဝိုင်း	---	၁ လုံး
(၉)	ရော်ဘာရိုလာ	---	၂ လုံး
(၁၀)	တုံကင်	---	၁ လုံး
(၁၁)	ကြိတ်ဖတ်ဇကာ	---	၂ လုံး
(၁၂)	ဆန်ဖြူထိုးဇကာ	---	၁ လုံး
(၁၃)	ဆန်ကွဲဝိုင်းဇကာ	---	၁ လုံး
(၁၄)	ကတ္တား	---	၂ လုံး
(၁၅)	ဆိုင်းကြိုး	---	၁ ခွေ
(၁၆)	ခေါင်းတိုင်ကြီး(ကျိုးနေသည်)	---	၁ လုံး
(၁၇)	သစ်မျိုးစုံ(အကျိုး/ကောင်း/အကြီး/အသေး)		အစုံသစ်ပုံတစ်ပုံ
(၁၈)	သွပ်အဟောင်း (ကြီး/သေး/အကျိုးအပဲ့)		မျိုးစုံတစ်ပုံ

အထက်ပါပစ္စည်း(၁၈)မျိုး၏စုစုပေါင်းကြမ်းခင်းဈေး – ငွေကျပ် ၇၅သိန်း



ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် Baiyoke Kandawgyi Hotel Co.,Ltd. မှ အောက်ဖော်ပြပါသင်တန်းများကို Kandawgyi Palace Hotel ရှိ Hotel and Tourism Training Centreတွင် ၁၁-၈-၂၀၀၃ မှ ၃-၁၀-၂၀၀၃နေ့ထိ ရက်သတ္တပတ် (၈)ပတ် ဖွင့်လှစ်ပါမည်။

၁။ Front Office Operations	တက္ကသိုလ်ဝင်တန်းအောင်
၂။ Housekeeping Operations	၉တန်းအောင်
၃။ Food and Beverage Service and Bartending	၉တန်းအောင်
၄။ Food and Beverage Production	၉တန်းအောင်
၅။ Basic Computer Course	၉တန်းအောင်
၆။ Hotel/ Motel Accounting For Supervisory Level	တက္ကသိုလ်ဝင်တန်းအောင်ပြီး စာရင်းကိုင်၊စာရင်းပညာအောင်မြင်သူ (သို့)ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ
၇။ Hospitality English	တက္ကသိုလ်ဝင်တန်းအောင်ပြီး(သို့) ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ

လျှောက်လွှာများကို ဤသင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၅-၇-၂၀၀၃နေ့ဖြစ်ပါသည်။ အမှတ်စဉ်(၁)မှ (၄)ထိ ရေးဖြေစာမေးပွဲကို ၂၆-၇-၂၀၀၃နေ့တွင် ပြုလုပ်ပါမည်။ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာပူးတွဲရန်၊ အောင်မြင်သူများကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပါမည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၉၂၅၅ လိုင်းခွဲ ၅၄၂၁။

အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း
အလ်ဟဂျ်အဟ်မဒ်အဗ္ဗဒွလ်လတီးဖ်ဃာဇီ
(ခ)
ဦးမြင့်မောင်(ခ)ဦးမောင်မြင့် (ရှုခင်းသာ)
အသက်(၇၂)နှစ်
ရှုခင်းသာ အိမ်ဆောက်ပစ္စည်းဆိုင် မဟူရာသွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီ မီလျံစတားအင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်၊ မိုးကြိုးတည်းခိုရိပ်သာ

ပုသိမ်မြို့နေ (ဦးလှတင်–ဒေါ်ရန်)၏သား၊ (ဦးထွန်းအောင်)–ဒေါ်ချိုတီတို့၏ သားသမက်၊ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အမှတ်(၁၁၆/၁၂၄)နှင့် ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၁၂/၅၁၄) (ရှုခင်းသာ)နေ ဒေါ်ဝင်းကြည်၏ချစ်လှစွာသော ခင်ပွန်း၊ဒေါ်ခင်သီတာ M.Sc (Maths;)–ဦးသန်းဝင်း၊ ဒေါ်ဘေဘီ B.Sc (Maths;) Hons; အထက်တန်းရှေ့နေ၊ ဒေါ်လှလှဝင်း B.Sc (Phy;)Q၊ ဦးမောင်မောင်ဦး–ဒေါ်မိုးမိုး၊ဒေါ်ချိုချိုဝင်း B.Sc (Phy;) –ဦးကိုကိုအောင် M..A.Q II (Geo;)၊ ဦးမောင်မောင်လတ် B.Sc (Phy;) – ဒေါ်စန္ဒာ၊ဒေါ်စန္ဒာဝင်း B.Sc(Phy;)Q Credit–ဦးကျော်စိုး B.Sc (Zool;)တို့၏ မွေးသဖခင်၊မမေဂျူးလတ် (ကိုးတန်း၊ အထက–၁၊ ကျောက်တံတား)၊မယွန်းရွှေရည်ဝင်း(ငါးတန်း၊အထက–၂၊ လသာ) မောင်နေပိုင်လတ်(ငါးတန်း၊အလက–၂၊ ပန်းဘဲတန်း)၊မစုလဲ့ရည်ဝင်း(လေးတန်း၊ အထက–၂၊ လသာ)၊ မောင်ကျော်ထက်အောင် (Grade III B.E.C)၊ မနှင်းပွင့်ဖြူ (K.G.F.I.S.C)၊ မယွန်းမီမီအောင် (သူငယ်တန်း၊ အလက–၂၊ ပန်းဘဲတန်း)၊ (မောင်ဟမ္မဇား)၊ မနုရည်မိုးဦး၊ မိုးပွင့်ဖြူတို့၏အဘိုးသည် ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်နမာဇ်အပြီး စူရ်တီစွန္နီဂျာမေဗလီကြီးတွင် ဂျနာဇာနမာဇ်ဝတ်ပြုပြီး ရေဝေးစွန္နီကဘာရ်စတန်၌ ဒဖနာပြီးစီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဦးဆန်းညွန့်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၈၂၊ (၁၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးချစ်တင်)–ဒေါ်တင်နုတို့၏သား၊ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ ဦးမောင်တန်၊ ဒေါ်လှကြွယ်၊ ဦးထင်အောင်–ဒေါ်အေးမော်၊ သူရကျော်တို့၏အစ်ကို၊ မောင်ဇေယျာလင်း–မလဲ့လဲ့ဌေး၊ (မောင်ကျော်စွာလင်း)၊ မခင်ချိုသက်တို့၏ဖခင် ဦးဆန်းညွန့်သည် ၁၃-၇-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၈း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

(မြောက်ဥက္ကလာဆေးရုံကြီးမှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။



ဦးတင်အောင်(၈၈)နှစ်

B.Sc BL, M.A (HARVARD)

စာတည်းချုပ်(ငြိမ်း) စာပေဗိမာန်

အမျိုးသားစာပေ စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်ဟောင်း

သက်ကြီးစာပေပညာရှင်

(ပြည်ရာသက်ပန်အသင်းဝင်)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ (၃)လမ်း(တောင်)၊ အမှတ်(၁၀၃–ဘီ)နေ (ဦးဘခို–ဒေါ်ဖွားဖြူ)တို့၏ သား၊ (ဝတ်လုံတော်ရ ဦးဘစီ–ဒေါ်မမလေး)တို့၏ သားသမက်၊ (ဒေါ်တင်တင်စီ)၏ ခင်ပွန်း၊ (ဒုတိယဗိုလ်အောင်သူ)၊ ဒေါ်ခင်ဖြူအောင်(အဝေးသင်တက္ကသိုလ်)၊ ဒေါ်နီနီအောင်(ရသုံးဦးစီး၊ ဝန်ကြီးများရုံး)၊ ဦးအောင်ကျော်စိုး–ဒေါ်ဝါဝါအောင်၊ ဒေါ်မာမာအောင် (ရက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၃–၇–၂၀၀၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၉၁)အမ်၂ နေ ပါမောက္ခဦးစောနိုင်(ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်–၁)–ဒေါက်တာဒေါ်ခင်အေးဌေးတို့၏မိခင် ဒေါ်သိန်းမေ အသက်(၈၈)နှစ်သည် ၁၄–၇–၂၀၀၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးပညာဌာနမိသားစု (ဆေးတက္ကသိုလ်–၁)။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၉၁)အမ်၂ နေ ပါမောက္ခဦးစောနိုင် (ဥက္ကဋ္ဌ၊ ဆေးပညာဘာသာရပ်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း)– ဒေါက်တာဒေါ်ခင်အေးဌေးတို့၏မိခင် ဒေါ်သိန်းမေအသက်(၈၈)နှစ်သည် ၁၄–၇–၂၀၀၃ နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးပညာဘာသာရပ်အဖွဲ့(မြန်မာနိုင်ငံဆရာဝန်အသင်း)။

ဒေါ်တင်ညွန့်(ခ)ညွန့်ညွန့် အသက်(၈၁)နှစ်

(ဈေးကလေး)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက်(၅၈/၆၄)၊ အခန်း(၃၀၈)နေ (ဦးအေး)၏ ဇနီး၊ ဦးစိုးသိန်း(စစ်ရေးချုပ်ရုံး)၏ မိခင်သည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်တင်ရီ(၆၉)နှစ်

(မော်လမြိုင်)

မော်လမြိုင်မြို့နေ(ဦးအုံးမြိုင်–ဒေါ်အေးသင်)တို့၏သမီး၊ရန်ကုန်တိုင်း၊ကမာရွတ်မြို့နယ်၊ အမှတ်(၁၁၅)၊ ရတနာမြိုင်လမ်းနေ ဒေါ်သန်းမြင့်၏ ညီမ၊ ဦးလွင်ဦး(ခ)ဦးရဲလွင်၏ ဇနီး၊ ဦးစိုးတင့်(UNDP)–ဒေါ်လှလှဝင်း၊ဦးနေလင်း(ခွဲမှူး၊အင်/ယာ၊MPPE)–ဒေါ်နီနီခင် (ဗဟိုဘဏ်)၊ ဗိုလ်ကြီးမြင့်ဦး၊ ဒေါ်မြတ်မြတ်မွန် (အလက–၆၊ လှိုင်)တို့၏ ချစ်လှစွာသောမိခင်၊ မထိုက်ထိုက်(ဒု–နှစ်၊ GTC)၊ မဆုသည်းဦ(ပနှစ်၊ဆေး–၁)၊ မောင်ကြည်ကျော်ဟိန်း(ထ–၂၊ ကမာရွတ်)၊ မမေသက်ထူး(ထ–၂၊ ကမာရွတ်)၊ မစိုးယုနွယ် (ထ–၂၊စမ်းချောင်း)၊မောင်ကောင်းစည်သူ (မ–၂၊ ကမာရွတ်)တို့၏ အဘွားသည် ၁၄–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရေးမြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်သောင်း(၅၉)နှစ်

(ရွှေပန်းထိမ်ဆရာ)

ရန်ကုန်မြို့၊ တိုက်(၃၁)၊ အခန်း(၂)၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမကြီးနေ ဒေါ်သန်းညွန့်၏ ခင်ပွန်း၊ မောင်ထိန်ဝင်း–မတင်တင်ချို၊ မောင်သိန်းထွဋ်အောင်–မလှလှမြင့်တို့၏ ဖခင်သည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ကိုယဉ်ဦး(၃၁)နှစ်

B.Sc, Chemistry

ယဇနဉယျာဉ်မြို့တော်၊ (၇)လမ်း၊ တိုက်(၈)၊အခန်း(၂၀၃)နှင့် အမှတ်(၁၈၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်နေ ဦးကိုကို(ကျောင်းအုပ်ဆရာကြီး၊ငြိမ်း)–ဒေါ်မိုးမိုးတို့၏သားကြီး၊ အမှတ်(၁၀၈)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ အုတ်ကျင်းနေ (ဦးကျော်ညွန့်)–ဒေါ်ခင်စန်းရီတို့၏သားသမက်၊ မသီတာစန်း (B.Sc, Zoo:)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုစောလှိုင်(B.A,Hist:) မောင်အောင်ချမ်းငြိမ်း (Final Law)၊ မောင်ကျော်ခိုင်သင်း (Final Eco:) JEMP Asia World Co.,Ltd.၊ မောင်နန်းအောင် (First Year, Eco) တို့၏ အစ်ကိုကြီး၊ မစုမြတ်နိုး၏ ဖခင်သည် ၁၄–၇–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၁၀၈)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ အုတ်ကျင်းနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ရဟန်းအမ၊ ကျောင်းအမကြီး

ဒေါ်သိန်းမေ အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၁–အမ်/၂)၊ သံလွင်လမ်းနေ (ဦးညွန့်ကြည်)၏ဇနီး၊ ဒေါ်ခင်မာသွင်– ဦးစန်းမောင်၊ ပါမောက္ခ ဒေါက်တာစောနိုင် (ဆေးပညာဌာန၊ ဆေးတက္ကသိုလ်–၁၊ရန်ကုန်)–ဒေါက်တာခင်ဌေးအေး၊ ဒေါက်တာဝင်းကြွယ်–ဒေါက်တာတင်တင်နွယ်၊ ဦးမင်းသွင်–ဒေါ်ဖြူဖြူတို့၏မွေးသမိခင် ဒေါ်သိန်းမေသည် ၁၄–၇–၂၀၀၃ရက်နံနက်၃:၁၀ နာရီတွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟ အပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ယောဂီအဆောင် ဒါယိကာမကြီး

ဒေါ်မြင့်ကြူ (၇၆)နှစ်

(မြိတ်)

(သဒ္ဓမ္မရံသီရိပ်သာ ယောဂီ)

မြိတ်မြို့၊ ထားဝယ်စုရပ်နေ (ဦးကြင်လှိုင်–ဒေါ်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ခြံအမှတ်(၁၄၅/စီ–၂၂)နေ ဗိုလ်မှူးကြီးအောင်ကျော် (အငြိမ်းစား)၏ဇနီး၊ ဦးခင်အောင်–ဒေါ်မြကြည်၊ ဦးစိန်ရှုန်–ဒေါက်တာမဉ္ဇူ၊ ဦးတင်အေး–ဒေါ်ရှုဝါတို့၏ အစ်မ ဒေါ်မြင့်ကြူ (အငြိမ်းစား၊ တိုင်းပညာရေးမှူး၊ စဆရ၊ ရန်ကုန်တိုင်း)သည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၁၅–၇–၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းမြင့် (၆၉)နှစ်

(ဘားအံ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၈၂)နေ (ဦးအုံးဖေ–ဒေါ်နုနု)တို့၏သမီး၊ ဦးခင်မောင်၏ညီမ၊ ဦးစိုးနိုင်၊ ဒေါ်ဝင်းကြည်တို့၏ အစ်မ၊ (ဦးသာဖေ၊ အထက်တန်းပြဆရာကြီး၊အထက–၁၊ ဘားအံ)၏ဇနီး၊ဦးအောင်စိုး(အထက–၁၊ ဘားအံ)–ဒေါ်အေးအေးလွင်၊ဦးတင်လင်း–ဒေါ်ခင်မမ(အမက–၁၂၊ သာကေတ၊ လ/ထ အလယ်တန်းပြ)၊ ဦးတင်စိုး(ခေတ္တ–ဂျပန်)–ဒေါ်ခင်လှလှတို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၁–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၃–၇–၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းပါသည်။ ကျန်ရစ်သူမိသားစု။

V.P ဦးကရစ်ဆနား (ခ) ဦးသိန်းဟန်

MD. Booming Myanmar Enterprise

အသက်(၅၃)နှစ်

မန္တလေးမြို့၊ (၈၂)လမ်း/(၂၃)လမ်းထောင့်၊ အမှတ်(၂၄၄)နေ (ဦးဆွာမိ)–ဒေါ်ဒေဝါနာတို့၏ သားဦး၊ ဦးတင်အောင်–ဆာရစ်ဝါး၊သီး၊မညို၊မခင်သီတာ၊ ကိုဝင်းတင့်–မအင်သရား၊ ကိုလှမျိုး–မနီနီအေးတို့၏ အစ်ကို၊ ရန်ကုန်မြို့ ဘုရင့်နောင်ရိပ်သာ၊ အမှတ်(၁၂၁)နေ ဒေါ်စန္ဒာ၏ခင်ပွန်း၊ မဖြူဖြူ၊ မောင်ဖြူဝင်း၊ မောင်သိန်းဝင်း၊ မောင်ကျော်ဝင်းတို့၏ ဖခင်သည် ၁၃–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၄–၇–၂၀၀၃ ရက်တွင် ရေဝေးဟိန္ဒူသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းအမကြီး

ဒေါ်ရှုလွှမ် (၈၆)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၉၂၇)နေ (ဦးချိုလှိုင်)၏ ဇနီး၊ ဒေါက်တာရဲလှိုင်(ပါမောက္ခချုပ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ မန္တလေး)–ဒေါ်ဖြူဖြူနွယ်၊ ဒေါ်ရီရီလွင်၊ ဒေါ်မြင့်မြင့်လွင်–(ဦးမြင့်စိုး)၊ ဒေါ်ယုဝတီ(ကံသာ ဓမ္မတရားရိပ်သာ၊သန်လျင်)၊ ဦးချစ်လှိုင်–ဒေါ်နိုင်နိုင်ဝင်း(စိန်ရတီမိတ္တူ)တို့၏ မိခင်၊ မိုမိုသဲလှိုင်(ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန်)၊ မစန္ဒာစိုး(စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)၊ အာကာရဲလှိုင်(I.M-1)၊ မောင်သုတစိုး၊ မောင်သူရိန်ဝင်း(အထက–၂၊ လှိုင်)၊ မောင်အာကာဟိန်း၊ မောင်မင်းခန့်ကျော်(အထက–၂၊ အင်းစိန်)၊ မောင်ကျော်ကျော်တို့၏အဘွား ဒေါ်ရှုလွှမ်သည် ၁၂–၇–၂၀၀၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မြင့်မြင့်သန်း အသက်(၅၀)

(B.Ed, H.G.P)

အထပြဆရာမ(ငြိမ်း)

(အထက–၁၊ ကြည့်မြင်တိုင်)၊ (အထက–၁၊ ဗဟန်း)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၁၀)၊ နေကြာလမ်း၊ ပုလဲမြို့သစ်၊ (၃)ရပ်ကွက်နေ ဦးအောင်တင်–ဒေါ်သောင်းရီတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချိုရပ်ကွက်နေ ဦးလှိုင်ဝင်း(စာတည်းမှူး၊ မြန်မာ့အလင်းသတင်းစာတိုက်)၏ ချစ်လှစွာသောဇနီး၊ မချယ်ရီလှိုင်ဝင်း(TTC VI-G)၊ မစပယ်လှိုင်ဝင်း(TTC III-F)တို့၏ ကျေးဇူးကြီးလှစွာသောမိခင်၊ အုပ်ခွဲတပ်ကြပ်ကြီးသန်းဝင်း–ဒေါ်နုနုခင် (အထက–၄၊ မင်္ဂလာဒုံ)၊ ဒေါ်မြင့်မြင့်စန်း(အလက–၈၊ မင်္ဂလာဒုံ)၊ ဦးဌေးဝင်း အောင်–ဒေါ်အေးအေးမွန် (ပျဉ်းမပင်မွေးမြူရေးခြံ)၊ ဦးမျိုးဝင်းအောင် (Asia World Co., Ltd)–ဒေါ်စုစုထွေး၊ ဒုအရာခံဗိုလ်သိန်းဝင်းအောင် (စစ်ထောက်ချုပ်ရုံး)–ဒေါ်သိန်းသိန်းအေးတို့၏ လေးစားအားထားရပါသောအစ်မကြီး၊ ရဟန်းဒါယိကာမကြီး ဒေါ်မြင့်မြင့်သန်းသည်၁၄–၇–၂၀၀၃(တနင်္လာနေ့) နံနက် ၃:၁၀နာရီတွင် ဗဟန်းမြို့နယ် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၀–၇–၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ချို (၈၂) နှစ်

(Mrs. Sydney Thwin)

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ကံခင်းစုရပ်ကွက်၊ ဘကြီးမှူလမ်း၊အမှတ်(၂၂)နေ (ဦးဘချို–ဒေါ်စောတင်)တို့၏ သမီး၊ (ဦးအုန်းသွင်–ဒေါ်လှိုင်)တို့၏သမီးချွေးမ၊ [ဦးစိုးသွင်(ခ) (Mr. Sydney Thwin)]၏ဇနီး၊ မကေခိုင်ဝင်းသွင်–မောင်တေဇာလင်း၊မဆုဆုလှိုင်–မောင်ဇော်ထွဋ်၊မသဲသဲလှိုင်၊ Shona Mccrindle၊ Morven Mccrindle၊ မအိန္ဒြာသွင်၊ မအိမ္မွန်သွင်၊ ကိုမျိုးသွင်–မစောမြသန္တာဝင်း၊ ကိုမင်းဝင့်ဦး၊ ကိုအောင်ဇော်မင်း၊ ကိုကျော်ဇေမင်း၊ ကိုရဲရင့်စိုးသွင်၊ မစာဆိုသွင်၊ မောင်စိုပြေသွင်၊ KAN YARIK တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄–၇–၂၀၀၃ ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သရက်အသင်း(ရန်ကုန်)

ဒေါ်ကြည်ကြည် (၈၅)နှစ်

အင်းစိန်မြို့နယ်၊ ဖန်ချက်စက်ရုံလမ်း၊ အမှတ်(၃၉၈)နေ ရာသက်ပန်အသင်းဝင် ဦးမြင့်လွင်၏ မိခင် ရာသက်ပန်အသင်းဝင်ဒေါ်ကြည်ကြည်သည်ကွယ်လွန်ပါ၍ ၁၇–၇–၂၀၀၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ အသင်းဝင် မိသားစုများ ပို့ဆောင်ကြပါ။ အမှုဆောင်အဖွဲ့။

ဦးမြဝင်း (၅၇)နှစ်

မန်နေဂျာ၊ ရောဟိုတယ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်နေ (ဦးဟံတင်–ဒေါ်မြစော)တို့၏ သား၊ ဦးအောင်မြိုင်–ဒေါ်မြင့်မြင့်တို့၏ အစ်ကို၊မောင်ထွန်းထွန်းဝင်း(ကြေးမုံသတင်းစာတိုက်)–မမော်မော်စန်း၊ ခင်သူထွန်း၊ အောင်မျိုးညွန့်၊ ခိုင်သူဇာတို့၏ မွေးသဖခင်၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ အမှတ်(၆၄၈)၊ နီလာလမ်း၊ (၁၃)ရပ်ကွက်နေ ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်းသည် ၁၄–၇–၂၀၀၃ ရက်တွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်ခင်မောင်သန်း

(ဝန်ထောက်)၊ ကပ–၅၃၅၁၁၄

A.G.T.I(E.P)

အသက်(၄၉)နှစ်

ပျော်ဘွယ်မြို့နယ်၊ မြညောင်ကုန်းရွာနေ (ဦးတင်)–ဒေါ်စိုးတို့၏ သား၊ ဦးတင်လှိုင်–ဒေါ်ခင်ရွှေ၊ အရာခံဗိုလ်ကျော်ဝင်း(ဝန်ထောက်ပစ္စည်း)–ဒေါ်တင်အုံးတို့၏ညီ/မောင်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ မောင်ကောင်းမြတ်၏ ဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ ဦးလေး ဒုအရာခံဗိုလ်ခင်မောင်သန်းသည်၁၃–၇–၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နုရွှေ (၈၄)နှစ်

အငြိမ်းစားအထက်တန်းပြဆရာမ

(အထက–၁၊ ဒဂုံ)

(အထက–၂၊ အလုံ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၁၂)နေ ဦးသာရွှေ–ဒေါ်မှိန်တို့၏ သမီး၊ (ဦးမှတ်–ဒေါ်အေးကြည်)၊ (ဒေါက်တာဦးဘညွန့် – ဒေါက်တာဒေါ်တင်စိန်)၊ (ဦးတင်ဦး)–ဒေါ်စောလှ၊ (ဗိုလ်မှူးလှရှိန်၊ ငြိမ်း–ဒေါ်တင်တင်ညွန့်) တို့၏ ညီမ၊ ဒေါက်တာဦးဇော်မိုး၊ ဒေါ်ခင်အေးမြင့်၊ ဦးဝင်းဟန်၊ ဒေါ်မြင့်မြင့်စိန်တို့၏ မိခင်၊ မောင်ဆန်းထွန်း၊ မအေးအေးအောင်၊ မမျက်ခြယ်၊ မောင်ဇေယျာတို့၏အဘွားသည် ၁၄–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ(၆၆)နှစ်

ဒု–အရာခံဗိုလ်(ငြိမ်း)

လေ/၁၂၅၂၈

(သံတွဲမြို့)

သံတွဲမြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးရပ်နန်–ဒေါ်သိန်းရှင်)တို့၏ သား၊ (ဦးတင်ညွန့်–ဒေါ်တင်ကြည်)၊ (ဦးတင်ထွန်း)–ဒေါ်သဇင်၊ ဒေါ်မကြီး–ဦးမောင်ညိမ်း၊ (ဦးမြင့်ဝေ)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ အမှတ်(၂၂၅၊ဒုထပ်–ဝဲ)၊(၃၇)လမ်းနေ ဦးဉာဏ်ထွန်း(မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီး၊ ငြိမ်း)–ဒေါ်ခင်ကြူ (မြန်မာ့ရုပ်ရှင်လုပ်ငန်း)တို့၏ အစ်ကိုသည် ၁၃–၇–၂၀၀၃ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၄–၇–၂၀၀၃ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်သန်း(၄၈)နှစ်

စစ်ကိုင်းတိုင်းသစ်တောဦးစီးအရာရှိ

ဘုတလင်မြို့နယ်၊ အောင်ချမ်းသာရွာနေ ဦးသောင်းဖေ–(ဒေါ်အုန်းစိန်)တို့၏သား၊ မန္တလေးမြို့၊ ပွဲကုန်းရပ်နေ (ဦးတင်ကြီး)–ဒေါ်အေးမြင့်တို့၏ သားသမက်၊ မန္တလေးမြို့နေ ဦးထွန်းအိ–ဒေါ်အုန်းရှိန်တို့၏တူသား၊ မောင်ရဲလင်းကျော်(ခ) ဖိုးလပြည့်(နောက်ဆုံးနှစ်၊ ကွန်ပျူတာတက္ကသိုလ်၊မန္တလေး)၊ မဖြိုးဖြိုး (အထက–၁၁)တို့၏ ဖခင်၊ ဒေါ်မိမိ၏ ခင်ပွန်းသည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) ညနေ ၄နာရီတွင် ပွဲကုန်းရပ်နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မရွက်နု(၂၈)နှစ်

B.Sc,(Bot),U.F.L

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅၉)၊ အောင်သစ္စာလမ်း၊ (၁)ရပ်ကွက်နေ ဦးမော်–ဒေါ်ခင်ရွှေ (ဝေလင်းကားရေတိုင်ကီ)တို့၏ သမီး၊ မောင်ဝေလင်း၊ မောင်ကျော်ထင်တို့၏ အစ်မ၊ မောင်စစ်နိုင်၏ အဒေါ်သည် ၁၃–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးသုမန(ခ)ဦးသန်းအေး သိက္ခာတော်(၉)ဝါ သက်တော်(၅၂)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ငွေလရောင်လမ်းနေ (ဦးကျော်–ဒေါ်ခင်စိန်)တို့၏ သား၊ ဦးအောင်နိုင်–ဒေါ်ရွှေ၊ ဦးလှအေး–ဒေါ်နုနုဌေးတို့၏ ညီ/မောင် ဦးသုမန(ခ) ဦးသန်းအေးသည် မင်းလှကျောင်းတိုက်၌ သီတင်းသုံးနေတော်မူပြီး (၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ရက်)၁၄–၇–၂၀၀၃ (တနင်္လာနေ့) နံနက် ၈:၂၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍ (၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) ၁၆–၇–၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကားများ ကျောင်းတိုက်မှ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စောရင်(၉၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၅၀)ရပ်ကွက်၊ အမှတ်(၂၄၂)၊ သီရိမြိုင်လမ်းနေ(ဦးသောင်းရှိန်)၏ ဇနီး၊ ဦးစိုးမြင့်(လက်ထောက်ညွှန်ကြားရေးမှူး–ဗဟိုစက်ပစ္စည်း)–ဒေါ်အေးအေး၊ဦးခင်အေး–ဒေါ်စန်းမြင့်၊ဦးသောင်းထွန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)– ဒေါ်မာမာနီ၊ ဦးဝင်းမြင့်–ဒေါ်ထွေးထွေးတို့၏ မိခင်၊ ဦးတင်အောင်–ဒေါ်နော်စေး၊ ဦးလှကျော်၊ ဦးတင်မောင်(မြန်မာ့ရုပ်မြင်သံကြား ပြင်ပရိုက်ကူးရေး)–ဒေါ်တင်တင်၊ ဦးလှထွန်း–ဒေါ်စိန်သန်းတို့၏ အဒေါ်၊ မြေး ၁၄ ယောက်တို့၏အဘွား ဒေါ်စောရင်သည် ၁၃–၇–၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအုန်းလွင် (ခ)ဦးကျော်အုံး အသက်(၉၃)နှစ်

ယစ်မျိုးဝန်(ငြိမ်း)

ယစ်မျိုးအသင်း ဥက္ကဋ္ဌ

ရန်ကုန်မြို့၊ အမှတ်(၂၄–ဘီ) ရွှေတောင်ကြား(၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ(ဦးစံအေး)–ဒေါ်ဒေါင်းတို့၏ သား၊ (ဦးဘိုးထွန်း၊ငြိမ်း၊ အထက်တန်းရှေ့နေ)–(ဒေါ်တင့်တင့်)တို့၏ သားသမက်၊ (ဒေါ်မိမိရီ)၏ ခင်ပွန်း၊ (ဦးမြင့်ဦး)–ဒေါ်မေမေထား၊ ဗိုလ်မှူးကြီး ညိမ်းမောင်(ငြိမ်း) – ဒေါ်မေမေခင်၊ ဒေါ်မေမေကြည်၊ ဒေါ်မေမေနွဲ့(ဒေါ်နိုဝေသီ)၊ (ဦးချစ်ဖေ)–ဒေါ်မေမေဝင်း၊ ဦးခင်မောင်သန်း–ဒေါ်မေမေလွင်၊ ဦးရဲမြင့်ထွန်း၊ ဒေါ်မေမေသက်၊ (ဦးဖုန်းလွင်)၊ဦးသန်းမြင့်ဦး – ဒေါ်မေမေဇင်တို့၏ချစ်လှစွာသောဖခင်သည် ၁၃–၇–၂၀၀၃ရက်တွင် အာရှတော်ဝင် အထွေထွေရောဂါကု ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးအောင်မြင့် (၇၆)နှစ် နာမကျန်းဖြစ်စဉ်စေတနာအပြည့်အဝဖြင့် ပြုစုကုသပေးခဲ့ကြသော ဗဟိုစည်အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် တာဝန်ကျ သူနာပြုများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနမှ ဆရာဝန်ကြီးနှင့် ဆရာဝန်သူနာပြုများအားလုံး၊ ၁၂–၇–၂၀၀၃ရက် ဈာပနတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ ရဲဘော်ရဲဘက်များ၊ ဆွေမျိုးမိတ်ဆွေများ၊ တယ်လီဖုန်းဖြင့်သတင်းမေးကြသော ရပ်ဝေးရပ်နီး မိတ်ဆွေများအားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဒေါ်တင်ကြည်(ခ)ဒေါ်ခင်စု အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အမှတ်(၁၁)၊ မြေညီထပ်၊ ဓမ္မစေတီလမ်း၊ ကျားကွက်သစ်နေ ရာသက်ပန် အသင်းဝင် အမှတ်(၇၂၈) ဦးစီးအရာရှိ ဦးတင်မြ၏ ဇနီး ဒေါ်တင်ကြည်(ခ) ဒေါ်ခင်စုသည် ၁၃–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်မြင့်မြင့်ကြည်(လုံးလုံး) အသက်(၆၀)နှစ်

(ပုတီးကုန်း)

ရန်ကုန်မြို့၊ ဖဆပလရပ်ကွက်၊ တိုက်ဟောင်း(၄)၊ အခန်း(၂၆)နေ မီးရထားရုံပိုင်ကြီး(ဦးတင်မြ)၏ ဇနီး၊ ဗိုလ်ကြီးမင်းဇော်ဦး(တပ်မတော်–ရေ)–ဒေါ်မေဝင်းဖြူ၊ ဦးထင်ဇော်–ဒေါ်ဦးဇွန်ဝင်း၊ မတင်တင်သော်(ခေတ္တ–စင်ကာပူ)၊ ဒုတပ်ကြပ်မြတ်လင်း(တပ်မတော်–ရေ) တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၃–၇–၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး နှလုံးခွဲစိတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) နံနက် ၈:၂၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၇နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးနော်ဆားဆက်ရွှေလွင်

Maw Hsar Hset Shwe Lwin

အသက်(၈၇)နှစ်

အထက်တန်းပြဆရာမကြီး(ငြိမ်း)၊ အထက(၁)၊ ကြည့်မြင်တိုင်

(ABM ကြည့်မြင်တိုင်ကျောင်းသူဟောင်း)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ်(၂)နေ (စောရွှေလွင်–နော်စောရင်)တို့၏ ဒုတိယသမီး၊ (ဒေါ်အယ်မရေ)၊ (ဦးစောမောင်)တို့၏ညီမ၊ (ဒေါ်Y.ရွှေလွင်)၏ အစ်မ ဆရာမကြီးနော်ဆားဆက်ရွှေလွင်သည် ၁၄–၇–၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် အလုံ၊ စမ်းချောင်း ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း(အထက–၁၊အလုံ)ဝင်းအတွင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

ဦးမောင်မြင့်(၆၉)နှစ်

အရာခံဗိုလ်(ငြိမ်း)၊ (မုံရွာမြို့)

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်နေ ဒေါ်ဌေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊မန္တလေးမြို့နေ ဦးလှမိုး–ဒေါ်စန်းစန်းဌေး(အလပြ)၊ ရန်ကုန်မြို့နေ ဦးလှဖြိုး(ဒုအကောက်ခွန်မှူး)–ဒေါ်ဖြူဖြူထွန်း၊ မိတ္ထီလာမြို့နေ ဦးဝင်းနိုင်ဦး–(ဒေါ်အေးအေးမြင့်)၊ ပုသိမ်ကြီးမြို့နေ ဦးသန်းဝင်း–ဒေါ်ဌေးဌေးမြင့်(နီလာစတိုး)၊ မိတ္ထီလာမြို့နေ ဦးခင်မောင်တင်–ဒေါ်ကြည်ကြည်မြင့်၊ မိုင်းဆတ်မြို့နေ ဦးမောင်မောင်မြင့်–ဒေါ်ခင်ဖုန်းမြင့်(မူပြ)တို့၏ ဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုး ဦးမောင်မြင့်သည် ၁၄–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်မြရင် (၉၆)နှစ်

(ယော–ဂန့်ဂေါ–ကျွန်းခုံသာရွာ)

ဂန့်ဂေါမြို့နယ်၊ ကျွန်းခုံသာရွာနေ (ဦးလှမောင်)၏ ဇနီး၊ ကျွန်းခုံသာရွာနေ (ဦးဖိုးသာ)–ဒေါ်စောရင်၊ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ မောက်သရက်အရှေ့ရွာနေ (ဦးကြည်မောင်)–ဒေါ်တင်ကြည်၊ ရန်ကုန်မြို့နေ ဦးကြည်သန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လုပ်ငန်းစစ်)–ဒေါ်ယဉ်ယဉ်မိုး၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ ဦးကျော်ထွန်း–ဒေါ်အမာကြည်တို့၏ မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၁၁–၇–၂၀၀၃ရက်တွင် အမှတ်(၆၇၂)၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဘေးစီ၌ ကွယ်လွန်သွားပါ၍ ၁၅–၇–၂၀၀၃ရက် မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ချို(၈၂)နှစ်

(Mrs. Sydney Thwin)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကံခင်းစုရပ်ကွက်၊ အမှတ်(၂၂)နေ (ဦးဘချို–ဒေါ်စောတင်)တို့၏ သမီးကြီး၊ (ဦးအုန်းသွင်–ဒေါ်လှိုင်)တို့၏ သမီးချွေးမ၊ [ဦးစိုးသွင်(ခ) Mr. Sydney Thwin]၏ ချစ်ဇနီး၊ (ဒေါ်သန်းမြ)၊ ဒေါ်ငြိမ်းငြိမ်း–ဦးလွန်းခင်၊ ဦးလှရွှေ၊ ဒေါ်ဝင်းဝင်းတို့၏ အစ်မကြီး၊ (ဒေါ်ခင်အေးသွင်Elsy–ဦးခင်မောင်ဝင်း)၊ ဒေါ်ခင်ကြည်သွင်–ဦးကိုလေး၊ (ဒေါ်ခင်လေးသွင်)–ဦးခင်မောင်ဝင်း၊ ဒေါ်ခင်စိန်သွင်–Mr. Iain Mc Crindle (ခေတ္တ–UK)၊ ဦးတင်မောင်စိုး(KLM လေကြောင်းကိုယ်စားလှယ်၊ Phoenix I.A.S)–ဒေါ်မြင့်မြင့်ခင်၊ ဦးအုန်းသွင်–ဒေါ်ပြုံးပြုံးကျော်(ခေတ္တ–USA)၊ ဒေါ်ခင်နွဲ့သွင်၊ ဦးမင်းသွင် (Myanmar Japan Supporting Services Co)–ဒေါ်ဥမ္မာထွန်း၊ ဒေါ်မူမူသွင်၊ ဒေါ်ခင်စန္ဒာသွင်–ဗိုလ်မှူးဉာဏ်ဝင်းမောင်၊ ဦးခင်မောင်သွင်–Mrs. Sumol၊ ဦးထွန်းသွင်၊ ဒေါ်ညိုမိသွင်-Mr. Ito (ခေတ္တ–ဂျပန်)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၄–၇–၂၀၀၃ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများမွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊တံတိုင်း၊ရဟန်းဒါယိကာမ

ဒေါ်မြညွန့် အသက်(၇၀)

(အင်းစိန်)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့၊ ပေါက်တောရပ်ကွက်၊ ဝိသာခါလမ်း၊ အမှတ်(၂၇)နေ (ဦးအုံး–ဒေါ်နှင်းမေ)တို့၏ သမီး၊ (ဦးတင်ဖေ)၏ ဇနီး၊ (ဒေါ်ကြည်ညွန့်)၊ ဒေါ်ချွေးမ၊ ဒေါ်ခင်ညွန့်၊ လှည်းကူးမြို့နေ ဦးထွန်းရွှေ–(ဒေါ်ဝင်းအောင်)တို့၏ညီမ၊ (ဒေါ်တင်အေး)၊ ဦးထွန်းလှိုင်–(ဒေါ်ခင်စိုး)၊ ဒေါ်ခင်ညိုတို့၏ အစ်မ၊ ဦးဝင်းနိုင်–ဒေါ်တင်မမ၊ (ဦးတင်ကိုကို)၊ ဒုအရာခံဗိုလ်ဝင်းရွှေ(ကက–လှူပ်)–ဒေါ်တင်မိမိတို့၏ ချစ်လှစွာသောမိခင်၊ ကောင်းမြတ်ပိုင်၊ ကောင်းမြတ်ထွဋ်၊ မြတ်သစ္စာ၊ ထွဋ်အောင်လှိုင်၊ ဆုလေးနွယ်တို့၏ ချစ်လှစွာသောအဘွားသည် ၁၃–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်သိန်း အသက်(၇၀)

(ဦးစံခင်–ဒေါ်လှညွန့်)တို့၏ သမီး၊ သန်လျက်စွန်း၊ GEဝင်းနေဦးမောင်သောင်း (တကက–ငြိမ်း၊ရေ)၏ ဇနီး၊ ဒေါ်သန်းသန်း(လှိုင်သာယာမြို့နယ်)၏ အစ်မ၊ (ဦးဝင်းမြင့်)၊ ဒေါ်ချိုချိုဝင်း–တကကမောင်ရီ(တပ်မတော်–ရေ)၊ ဒေါ်စိုးစိုးဝင်း–ဗိုလ်ကြီးထွန်းဝေ (မော်လမြိုင်)၊ ဦးထွေးဝင်း – ဒေါ်ကြင်ကြင်သန်း၊ တပ်ကြပ်မိုးဝင်း (တပ်မတော်–ရေ)တို့၏ မိခင်၊ မြေး ၁၃ယောက်တို့၏ အဘွားသည် ၁၄–၇–၂၀၀၃ရက်တွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(သန်လျက်စွန်း၊ GEဝင်းနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်ထွေးမြိုင် (၆၈)နှစ်

(ဘိုကလေးမြို့)

ဘိုကလေးမြို့၊ (၃)ရပ်ကွက်၊ ရွှေသွယ်ရင်လမ်း၊ အမှတ်(၁၃)နေ (ဦးစံညွန့်–ဒေါ်ကျင်နှစ်)တို့၏ သမီး၊ (ဦးသာစိန်)–ဒေါ်အုန်းတို့၏ သမီးချွေးမ၊ (ဦးကျော်)၏ ဇနီး၊ ဦးအောင်တင့်၏ အစ်မ၊ ကိုထိန်လင်း(ခ)ကိုစံကြီး–မချိုချိုလွင်(ရတနာမြို့မဆန်စက်)တို့၏ မိခင်၊ မေမြတ်ပွင့်ဖြူ၊ စန္ဒီထိန်လင်းတို့၏ အဘွားသည် ၁၃–၇–၂၀၀၃ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၅–၇–၂၀၀၃(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၃)၊ (၁၀)လမ်း၊ လမ်းမတော်နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့်(ခ) ဒေါ်သန်းအေး(၅၉)နှစ်

ဦးစီးအရာရှိ

သမဝါယမဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ်(၁၆) မြေညီထပ်(ယာ)နေ (ဦးသာဉာဏ်–ဒေါ်မြရှင်)တို့၏သမီး၊ ဦးရန်နိုင်၏ ဇနီးသည် ၁၄–၇–၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ညနေ ၄နာရီတွင် ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းသန့်(ခ)ကေစွိပိုး အသက်(၅၆)နှစ်

(ကျောင်းကုန်းမြို့)

ပုသိမ်မြို့နေ (ဦးကာဝါး–ဒေါ်ကျင်ဖွား)တို့၏ သားထွေး၊ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးစင်းငါး–ဒေါ်မြင့်နန်း)တို့၏ သားသမက်၊ ဒေါ်ဌေးဌေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ခိုင်လင်း၊ မဟေမာခင်၊ မခင်လင်းစိုး၊ မအေးဝင့်အောင်၊ မောင်ဟိန်းထက်အောင်တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၁၄–၇–၂၀၀၃ ရက်နံနက်တွင် ရန်ကုန်မြို့ ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ကျောင်းကုန်းမြို့ ဂျို့ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်

ကမ္ဘောဇသာဒီနန်းတော်ရာ ပြုပြင်မွမ်းမံမှုလုပ်ငန်းနှင့် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ ကမ္ဘောဇသာဒီနန်းတော်ရာ ပြုပြင်မွမ်းမံမှုလုပ်ငန်းနှင့် ရှေးဟောင်းနောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ပဲခူးဒီဂရီကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဝင်းဘောဒတ်တံတားသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဝင်းဘောဒတ်တံတားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချွန် တွန်း ပင့်တို့ ပျော်ခံရာ

အင်း ငါလည်း ဘယ်နေ့ ဘာစွဲချက် **တွေနဲ့ ခြံထဲကနေ ကန်ထုတ်ခံရမလဲ ဆိုတဲ့ အတွေးတစ်ခု အဲဒီတုန်းက ဝင်ခဲ့ဖူးသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခြံထဲမှာ နေကြတဲ့ ကျွန်တော်တို့ ဗဟိုလူငယ်အဖွဲ့ဝင် တွေအနေနဲ့က နိုင်ငံရေးအရ ဘာအလုပ်မှ မည်မည်ရရမရှိဘဲ “အန်တီစု” ရဲ့ မျက်နှာသာ ပေးခံရမှုအတွက်ပဲ အဓိကဖြစ်နေတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် သူ့ထက်ငါ အလု အယက် ချွန်တွန်းပင့် လုပ်နိုင်တဲ့သူက နှာတစ်ဖျားသာသာ သွားတာကိုး။**

မောင်ရင်မှိုင်း၏ဆောင်းပါး စာမျက်နှာ ၈-၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

မြိတ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီလှူဒါန်းပွဲနှင့် မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြိတ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီလှူဒါန်းပွဲနှင့် ဒုတိယအကြိမ်မြောက် မြိတ်မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ စာသင်တိုက်ကြီးများမှ ပဓာန နာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ကျောင်းတိုက်အသီးသီးမှ ကျောင်းထိုင်ဆရာတော်များ စုစုပေါင်း ၁၀၈ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❀

ယနေ့ထုတ် စောင်ရေ ၂၂၄၁၃၃